# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၁၂ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၀)၊ အမှတ် (၀၄၃)


# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ ထုတ်ပြန်ကြေညာချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန**

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဆိုင်ရာ ထုတ်ပြန်ကြေညာချက်**

(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၁ ရက်)

(၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်)

၁။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးတို့ကို မမိုတ်မသုန် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ၊ နိုင်ငံရေးဆွေးနွေးပွဲများကို (၄)ကြိမ် ကျင်းပနိုင်ခဲ့ပြီး ၂၀၂၀ အလွန် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ခိုင်မာသည့်အဆင့်လိုက် ရှေ့လုပ်ငန်းစဉ်များကိုလည်း သဘောတူညီနိုင်ခဲ့ပါသည်။ ညီလာခံအလွန် ကာလများတွင်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အလွတ်သဘောဆွေးနွေးညှိနှိုင်းမှုများကို ဆက်လက်ပြုလုပ်ခဲ့ပါသည်။

၂။ ကမ္ဘာတစ်ဝန်း COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုများနှင့်စပ်လျဉ်း၍လည်း "မည်သူကိုမှ မကျန်ခဲ့စေရ" ဟူသည့် မူဝါဒနှင့်အညီ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် "COVID-19 ကာကွယ် ထိန်းချုပ် ကုသရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီ" ကိုလည်း ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

၃။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးအား COVID-19 ကာကွယ်ထိန်းချုပ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောင်မြင်စွာ ကျင်းပခဲ့ပါသည်။ ထိုသို့ကျင်းပခဲ့ရာတွင် တိုင်းရင်းသားပြည်သူများ ဘေးကင်းလုံခြုံအေးချမ်းတည်ငြိမ်စွာဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက်လည်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကလည်း အပြုသဘောဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။

၄။ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးသည် အရေးကြီးသည့်အဆင့်တစ်ဆင့်ဖြစ်ပြီး အဘက်ဘက်မှ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ကျေးဇူးဥပကာရ အထူးပင်တင်ရှိပါသည်။ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲများ ကျင်းပနိုင်သည့် လုံခြုံရေးအခြေအနေမရှိသဖြင့် ရွေးကောက်ပွဲရွှေ့ဆိုင်းခဲ့ရသော နယ်မြေဒေသများ၊ ယင်းနယ်မြေဒေသများရှိ ပြည်သူများအားလုံးအတွက်လည်း အထူးပင်စိတ်မကောင်း ဖြစ်ရပါသည်။ ယင်းနယ်မြေဒေသများ တည်ငြိမ်အေးချမ်းပြီး လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲများ အမြန်ဆုံးကျင်းပနိုင်သည့် အခြေအနေရောက်ရှိအောင် သက်ဆိုင်သည့်လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန်လည်း အထူးမေတ္တာရပ်ခံအပ်ပါသည်။

၅။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနအနေဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement–NCA) လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ NCA လက်မှတ်ရေးထိုးရန် ဆွေးနွေးညှိနှိုင်းဆဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးနှင့် တွေ့ဆုံဆွေးနွေး၍ တိုင်းရင်းသားပြည်သူအားလုံး မျှော်လင့်တောင့်တလျက်ရှိသော စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပခဲ့မှုနှင့် စပ်လျဉ်း၍ သတင်းမီဒီယာများအား ရှင်းလင်းပြောကြား

**နေပြည်တော် နိုဝင်ဘာ ၁၁**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင် နှင့် ဦးသန်းဌေး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဦးတို့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး၌ သတင်းမီဒီယာများနှင့် တွေ့ဆုံပြီး ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပခဲ့မှု၊ ရွေးကောက်ပွဲ ရလဒ်များ ထုတ်ပြန်ကြေညာနေမှု အပါအဝင် ရွေးကောက်ပွဲဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**



သတင်းမီဒီယာများနှင့် တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်က မိမိတို့၏ ရွေးကောက်ပွဲစနစ်သည် များစွာပွင့်လင်းမြင်သာမှုရှိသည်မှာ ပေါ်လွင်ပါကြောင်း၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံများ နံနက် ၆ နာရီ၌ စတင်ဖွင့်လှစ်ပြီး ပုံမှန်အားဖြင့် ညနေ ၄ နာရီတွင် မဲရုံပိတ်ပါကြောင်း၊ သို့သော်လည်း ညနေ ၄ နာရီမထိုးမီတွင် သက်ဆိုင်ရာ မဲရုံများရှိ မဲဆန္ဒရှင်များ အားလုံး ဆန္ဒမဲပေးခြင်း

*စာမျက်နှာ ၄ ကော်လံ ၁* ❍


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

## ပြည်သူလူထုနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကိုဗစ်ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုများကြောင့် ဖြစ်စေ၊ ပြည်သူတို့အကြား ထုတ်လွှင့်မျှဝေပေးနေသည့် သတင်းတု၊ သတင်းယောင်နှင့် လုပ်ကြံကောလာဟလများကြောင့် ဖြစ်စေ၊ ပြည်တွင်းကရော၊ ပြည်ပကရော မျှဝေနေသည့်မဲမပေးရေးဝါဒဖြန့်ချိမှုများက မည်သို့ပင်ပြောဆိုနေကြသည် ဖြစ်စေ၊ မြန်မာပြည်သူတို့က မဲရုံများသို့ သွားကာ မဲပေးကြခြင်းဖြင့် နိုင်ငံသားတစ်ဦးအနေဖြင့် ကိုယ့်တာဝန်ကိုယ်ကျေပွန်အောင် ထမ်းဆောင်ခဲ့ကြပြီးဖြစ်သည်။

ဤသို့ဖြင့် မြန်မာနိုင်ငံ၏ လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီးပြီ ဖြစ်ပါသည်။

မြန်မာပြည်သူတို့သည် တစ်ဦးနှင့်တစ်ဦး မုန်းတီးနေရသည်ကို ငြီးငွေ့နေပြီ။ စစ်တိုက်နေရသည်ကို စိတ်ကုန်နေပြီ။ တစ်ဦးနှင့်တစ်ဦး မလိုတမာပြောဆိုနေကြသည်ကို မကြားလိုတော့ပြီ။ ယဉ်ကျေးသော၊ သိက္ခာရှိသောလူမှုအဖွဲ့အစည်းအဖြစ် နိုင်ငံတကာအလယ်တွင် ရပ်တည်လိုသည်။ မိမိတို့ ဘာကိုလိုလားသည်၊ ဘာကိုမျှော်လင့်သည်ဆိုခြင်းကို တတ်နိုင်သလောက် ဖော်ပြနိုင်ရန်အလို့ငှာ ကိုဗစ်ဗိုင်းရပ်စ်ပိုးအန္တရာယ်နှင့် စိုးရွံ့ထိတ်လန့်မှုများကို အန်တုရင်း မဲရုံများဆီသို့သွားကာ မဲပေးခဲ့ကြပြီ။

မဲပြားများကတစ်ဆင့် မိမိတို့၏ သဘောထားတို့ကို ထင်ထင်ရှားရှား ဖော်ပြခဲ့ပြီ။ မဲပေးရာတွင်လည်း စည်းကမ်းရှိရှိ မဲပေးခဲ့သည်။ မိမိတို့၏ မဲတို့ကို အဟောသိကံ မဖြစ်စေရေး၊ ပယ်မဲမဖြစ်စေရေးကို အထူးသတိထားကာ မဲပေးခဲ့သည်။ မိမိဆန္ဒပြုသလို အခြားသူများရော ပြုမှပြုပါမည်လားဟု ရင်တထိတ်ထိတ်ဖြင့် ထွက်ပေါ်လာမည့် ရွေးကောက်ပွဲရလဒ်ကို မျှော်ကြသည်။

ယခုရွေးကောက်ပွဲတွင် ပြည်သူလူထုက တစ်ခဲနက်မဲပေးခဲ့ကြသည်မှာ ထင်ရှားသည်။ လက်သန်းကို မင်စွန်းပြီးသွားပြီဆိုသည်နှင့် မဲပေးပြီးသွားသည့် အထိမ်းအမှတ်အဖြစ် ပြည်သူတို့ကြားတွင် အချင်းချင်း သိစေချင်ကြ၊ မဲပေးသည်ကို ဂုဏ်ယူကြ၊ ပြည်သူ့တာဝန်ကျေပြီဟူသော အဓိပ္ပာယ်ကို ဖော်ဆောင်ကြသည်။ စည်းကမ်းဥပဒေအရ လက်သန်းကို မင်စွန်းပြီးသွားသည်နှင့် နောက်အခြားတစ်နေရာတွင် မဲသွားပေးလို့မရ။ လူတစ်ဦးသည် မဲရုံတစ်ခုတွင်သာ တစ်ခါသာ မဲပေးလို့ ရမည်ဟူသည့် အထိန်းအကွပ် ဖြစ်သည်။ မဲပေးခွင့်ရှိသူတစ်ဦးက နှစ်ခါပေးလို့မရ။

ထိုမှတစ်ပါး ဥပဒေအရ မဲပေးမှုနှင့်ပတ်သက်သော အငြင်းပွားစရာများရှိလျှင် ကန့်ကွက်လွှာတင်သွင်းခွင့်ရှိသည်။ ရွေးကောက်ပွဲတွင် တရားမဲ့ပြုကျင့်မှုရှိသည်ဟုတွေ့လျှင် ကန့်ကွက်နိုင်သည့် အခွင့်အရေးကို လွှတ်တော်ရွေးကောက်ပွဲဥပဒေက ပေးထားသည်။

ယနေ့ရွေးကောက်ပွဲနှင့် ပတ်သက်သမျှအားလုံးသည် ဥပဒေနှင့်အညီဖြစ်ရေးသည် အသက်ဖြစ်သည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အတိအလင်းကြေညာထားသည်။ အစစအရာရာကို ဥပဒေနှင့်အညီ တာဝန်ကျေကျေ ထမ်းရွက်မည်ဟု ဆိုသည်။

ထိုမှတစ်ပါး၊ ၂၀၀၈ အခြေခံဥပဒေ၏ အခန်း ၉ ပုဒ်မ ၄၀၂ တွင်–

အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များသည် အပြီးအပြတ်အတည်ဖြစ်စေရမည်–

(က) ရွေးကောက်ပွဲတင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းများ၊

(ခ) ရွေးကောက်ပွဲခုံအဖွဲ့များ၏ ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့်စပ်လျဉ်းသည့် အယူခံမှုများနှင့် ပြင်ဆင်မှုများ၊

(ဂ) နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေအရ ဆောင်ရွက်သော ကိစ္စရပ်များဟု ပြဋ္ဌာန်းထားသည်။

ထို့ကြောင့်ပင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်သော အပြီးသတ်မဲအနိုင်အရှုံးစာရင်းများ တရားဝင်ကြေညာမှုကို ပြည်သူလူထုတစ်ရပ်လုံးက စောင့်မျှော်နေကြခြင်း ဖြစ်ပေသည်။

ထိုမှတစ်ဆင့် ပေါ်ပေါက်လာမည့် လွှတ်တော်များ၊ အစိုးရအဖွဲ့အစည်းသစ်များကို မျှော်ရည်ရင်း အနာဂတ်မြန်မာနိုင်ငံ တိုးတက်ဖွံ့ဖြိုးရေးတွင် ပါဝင်ကြရန် စိတ်အားထက်သန်နေကြပြီ ဖြစ်ပါကြောင်း။ ။

## လယ်ယာကဏ္ဍလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၁**



လယ်ယာကဏ္ဍ လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက Virtual Meeting စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များမှ စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ၂၀၂၀ စက်တင်ဘာလဆန်းတွင် စတင်ဖြစ်ပေါ်ခဲ့သော ကိုဗစ်– ၁၉ ဒုတိယလှိုင်းကာလတွင် ရောဂါကူးစက်ပြန့်ပွားမှုထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ ပိုမိုတင်းကျပ်စွာ ချမှတ်ဆောင်ရွက်ခဲ့ရသဖြင့် လယ်ယာကဏ္ဍဆိုင်ရာ ထောက်ပံ့ရေးလမ်းကြောင်းအပေါ် အကျိုးသက်ရောက်မှုနှင့် ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် နှောင့်နှေးကြန့်ကြာမှု ကိစ္စရပ်များ မဖြစ်ပေါ်စေရေး၊ မျိုးစေ့၊ မြေဩဇာ၊ ပိုးသတ်ဆေး စသည့်သွင်းအားစုများ ဝယ်ယူသုံးစွဲရေး၊ မိုးစပါးများအချိန်မီ ရိတ်သိမ်းနိုင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး လုပ်ငန်းများ အထူးအလေးထား ဆောင်ရွက်ကြစေလိုကြောင်း။

ပြည်တွင်းရောင်းဝယ်ရေး၊ နိုင်ငံခြားသို့ တင်ပို့ရောင်းချရေး၊ ကုန်စျေးနှုန်းတည်ငြိမ်ရေး စသည်တို့အတွက် ဒေသအသီးသီးက ထွက်ရှိလာသည့် စပါးများအား ဝယ်ယူကာ သိုလှောင်ရုံများသို့ ပို့ဆောင်ရေးလုပ်ငန်းများတွင် ဆန်စပါး ရောင်းဝယ်ရေးဆိုင်ရာ လုပ်ငန်းရှင်များက စီစဉ်ဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ မိမိတို့ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ဆက်စပ်ဆောင်ရွက်ပေးရန်လည်း လိုအပ်ကြောင်း။

ကိုဗစ်– ၁၉ ကာလအတွင်း လယ်ယာထွက်ကုန်များ၏ ဈေးကွက်ဈေးနှုန်းပြောင်းလဲလာမှုကြောင့် ပုံမှန်လည်ပတ် ရောင်းဝယ်ဖောက်ကားမှုနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်ရေးတို့တွင် ပြည်တွင်း၊ ပြည်ပဈေးကွက်လိုအပ်ချက် သတင်းအချက်အလက်များကို စိုက်ပျိုးထုတ်လုပ်သူတောင်သူများ ကြိုတင်သိရှိနိုင်ရေးအတွက် ရာသီချိန်အလိုက် သီးနှံထွက်ရှိမှု၊ ဈေးကွက်တင်ပို့မှုဆိုင်ရာ မှတ်တမ်းများ၊ ရေတိုရေရှည် သီးနှံဈေးကွက်ဆိုင်ရာ နည်းဗျူဟာများ ရေးဆွဲဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

တောင်သူများအတွက် လိုအပ်သည့်နည်းပညာဆိုင်ရာ သတင်းအချက်အလက်များ ကူညီပေးနိုင်ရန် နေပြည်တော် ရုံးချုပ် စိုက်ပျိုးရေး Call Center ထူထောင်ဆောင်ရွက်လျက်ရှိသကဲ့သို့ တိုင်းဒေသကြီး/ပြည်နယ်များ၏ အစီအစဉ်ဖြင့် ဆင့်ပွား Call Center များ ထူထောင်ခြင်း၊ Viber Group၊ Messenger Group များဖွဲ့စည်း ဆောင်ရွက်မှုများကိုလည်း တိုးမြှင့်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ဆည်ရေသောက်ဒေသများတွင် ဆည်နှင့် ရေလှောင်တမံများ၌ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများကို စိစစ်ပြီး အဆိုပါ ဆည်၊ ရေလှောင်တမံများ၏ ရေသောက်ဧရိယာများတွင် ရေကို အလေအလွင့်မရှိစေဘဲ အကျိုးရှိရှိ အသုံးချနိုင်ရေး၊ အခြားသော ရေအရင်းအမြစ်များ ဖော်ထုတ်သုံးစွဲနိုင်ရေး၊ အခြားသင့်လျော်သည့် သီးနှံပုံစံနှင့် စိုက်နည်းစနစ်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေးတို့အတွက် အစီအမံများ ချမှတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ နည်းပညာအသစ်များဖြင့် ရာသီဥတုဒဏ် ခံနိုင်ရည်ရှိသော မျိုးသစ်များ၊ သက်တမ်းတိုမျိုးများ ရရှိရန်အတွက် သုတေသန စမ်းသပ်ကွက်များ ဆောင်ရွက်ခြင်း၊ သီးနှံနှင့် သီးနှံပုံစံပြောင်းလဲစိုက်ပျိုးခြင်း၊ ဒေသအလိုက် ဖြစ်ပေါ်နေသည့် အခြေအနေများအပေါ် မူတည်ပြီး မိမိတို့ဒေသအတွင်းရှိ လယ်ယာကဏ္ဍဆိုင်ရာ သီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ ထိခိုက်မှုနည်းနိုင်သမျှ နည်းပါးအောင် လိုအပ်သော ပြုပြင်ပြောင်းလဲရေးနည်းလမ်းများအား တောင်သူများ နားလည်သဘောပေါက်လိုက်နာဆောင်ရွက်ကြစေရေး စည်းရုံးပညာပေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် တာဝန်ရှိသူများက ဒေသအလိုက် ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များ အပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လုပ်ငန်းလမ်းညွှန်ချက်များ ချမှတ်ဆောင်ရွက်ပေးခဲ့ကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် ၂၀၁၉–၂၀၂၀ နှင့် ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်များအတွင်း စိုက်ပျိုးမွေးမြူရေးအပါအဝင် ကျေးလက်နေပြည်သူများ၏ စားဝတ်နေရေး အထောက်အပံ့ဖြစ်စေရန် Cash for Work နှင့် Cash for Training အစီအစဉ်များ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ကိုဗစ် – ၁၉ ပထမလှိုင်းကြောင့် စိုက်ပျိုးရေးကဏ္ဍ၏ လယ်ယာလုပ်သား လိုအပ်ချက်ဖြစ်ပေါ်ခဲ့မှုနှင့်အတူ မိုးခေါင်မှုကြောင့် စိုက်ပျိုးရေလိုအပ်ချက်များ ကြုံတွေ့ခဲ့ရခြင်းကြောင့် မိုးစပါးစိုက်ဧရိယာ ၆၀ ရာခိုင်နှုန်းခန့်အနေဖြင့် ပျိုးထောင်စိုက်ပျိုးနိုင်ခဲ့ခြင်းမရှိဘဲ ကြဲပက်စိုက်ပျိုးခြင်း၊ တိုက်ရိုက်မျိုးစေ့ချကိရိယာ Drum Seeder ဖြင့် စိုက်ပျိုးခြင်းများ ဆောင်ရွက်ခဲ့ရပြီး ယခင်နှစ်က မိုးစပါးသီးနှံဧက ၁၄ ဒသမ ၉၇ သန်း စိုက်ပျိုးနိုင်ခဲ့သော်လည်း ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်တွင် အောက်တိုဘာလ ကုန်အထိ စိုက်ဧက ၁၄ ဒသမ ၉၂ သန်းကျော် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ၌ မျိုးစေ့ထုတ်တောင်သူလယ်သမား အစုအဖွဲ့များ၊ မျိုးစေ့ထုတ် သမဝါယမအသင်းများ၊ မျိုးစေ့ထုတ်လုပ်ငန်း ဆောင်ရွက်နေသူ လုပ်ကွက်ငယ်အကျိုးဆောင်တောင်သူများကို မျိုးစေ့ဆိုင်ရာ စံချိန်စံညွှန်းများနှင့် ညီညွတ်သည့် မျိုးစေ့များ စိုက်ပျိုးထုတ်လုပ်ပေးနိုင်ရေးအတွက် ထောက်ပံ့မှုများ ပေးအပ်လျက်ရှိပြီး ၂၀၂၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး၌ မိုးစပါးမျိုးစေ့ထုတ်ဧရိယာကေတစ်သိန်း စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး UNDP မှ Resident Representative, Mr. Titon Mitra အား Virtual Meeting ဖြင့် လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၁**



ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် UNDP မှ Resident Representative, Mr. Titon Mitra အား Virtual Meeting ဖြင့် ယနေ့နံနက် ၁၀ နာရီခွဲတွင် လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် UNDP တို့အကြား ပူးပေါင်းဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့် ကိုဗစ်–၁၉ ကူးစက်ရောဂါအလွန်ကာလတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဆောင်ရွက်လျက်ရှိသည့် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများတွင် UNDP အနေဖြင့် ပံ့ပိုးနိုင်မည့် ကိစ္စရပ်များ၊ UNDP ၏ အကူအညီဖြင့် ထုတ်ဝေခဲ့သည့် ဥပဒေမူကြမ်းရေးဆွဲရေး လမ်းညွှန်စာအုပ်နှင့် စပ်လျဉ်း၍ အသိပညာပေးလုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပို့ချဆွေးနွေးနိုင်ရေး ကိစ္စရပ်များ၊ အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးလုပ်ငန်းစဉ်တွင် UNDP မှ အသိပညာနှင့် နည်းပညာများ ပံ့ပိုးပေးနိုင်မည့် ကိစ္စရပ်များနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် အဆင့်ဆင့်သော ဥပဒေရုံးများရှိ ဥပဒေအရာရှိများ၏ အင်္ဂလိပ်ဘာသာစကား စွမ်းရည်မြှင့်တင်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု စီးပွားရေးဝန်ကြီးများ၏ အကြိုညှိနှိုင်း အစည်းအဝေးသို့ ပါဝင်တက်ရောက်



**နေပြည်တော် နိုဝင်ဘာ ၁၁**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် ယနေ့နံနက် ၈ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership – RCEP) ထိပ်သီးအစည်းအဝေးမတိုင်မီ ကျင်းပသော စီးပွားရေးဝန်ကြီးများ၏ အကြိုညှိနှိုင်း အစည်းအဝေးသို့ ပါဝင်တက်ရောက်သည်။ **(ယာပုံ)**

အစည်းအဝေး၌ ဗီယက်နမ်နိုင်ငံ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး Tran Tuan Anh က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ကုန်သွယ်ရေးညှိနှိုင်းမှု ကော်မတီဥက္ကဋ္ဌ၊ အင်ဒိုနီးရှားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးညှိနှိုင်းမှု ညွှန်ကြားရေးမှူးချုပ် Mr. Iman Pambagyo က ကုန်သွယ်ရေးညှိနှိုင်းမှု ကော်မတီ၏ အစီရင်ခံစာကို ဝန်ကြီးများထံ တင်ပြသည်။ ဝန်ကြီးများက ၈ နှစ်တာ ကြာမြင့်ခဲ့သည့် RCEP ညှိနှိုင်းမှုများကို ရလဒ်ကောင်းများ ပေါ်ထွက်လာအောင် ကြိုးပမ်းအားထုတ် ခဲ့သည့် ကုန်သွယ်ရေးညှိနှိုင်းမှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားလုံးကို ချီးကျူးဂုဏ်ပြုစကား အသီးသီးပြောကြားပြီး ကုန်သွယ်ရေးညှိနှိုင်းမှု ကော်မတီဥက္ကဋ္ဌ၏ အစီရင်ခံစာကို ဆွေးနွေးအတည်ပြုသည်။

ဝန်ကြီးများက RCEP သဘောတူစာချုပ်ကို နိုဝင်ဘာ ၁၅ ရက်တွင် လက်မှတ်ရေးထိုးနိုင်တော့မည်ဖြစ်ရာ စာချုပ်မှ ရရှိလာမည့် အခွင့်အလမ်းများကို ထိထိရောက်ရောက် အသုံးပြုနိုင်ရန်အတွက် စာချုပ်အသက်ဝင်ရေး ဆောင်ရွက်ရမည့် လုပ်ငန်းများ၏ အရေးပါမှုကို အလေးပေးပြောကြားပြီး အဆိုပါလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရန် RCEP ကြားဖြတ်ပူးတွဲကော်မတီအား ဖွဲ့စည်းရန် သဘောတူကြသည်။ ထို့နောက် ဝန်ကြီးများက RCEP သဘောတူစာချုပ်ကို မကြာမီ ကျင်းပမည့် (၄) ကြိမ်မြောက် RCEP ထိပ်သီးအစည်းအဝေးတွင် လက်မှတ်ရေးထိုးရန် အဆင်သင့်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုကြပြီး အဆိုပါ ထိပ်သီးအစည်းအဝေးတွင် အတည်ပြုထုတ်ပြန်မည့် ခေါင်းဆောင်များ၏ ပူးတွဲကြေညာချက်နှင့် RCEP တွင် အိန္ဒိယနိုင်ငံ ပါဝင်ရေးဆိုင်ရာ ဝန်ကြီးများ၏ ကြေညာချက်တို့ကိုလည်း သဘောတူကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက RCEP သဘောတူစာချုပ် ညှိနှိုင်းပြီးစီးရေးအတွက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးဥက္ကဋ္ဌအဖြစ် ၂၀၂၀ ပြည့်နှစ် တစ်နှစ်လုံးတွင် ဦးဆောင်ခဲ့သော ဗီယက်နမ်နိုင်ငံကို ချီးကျူးဂုဏ်ပြုပါကြောင်း၊ RCEP ဆွေးနွေးညှိနှိုင်းမှုတစ်လျှောက်လုံးတွင် လိုအပ်သော အကူအညီအထောက်အပံ့များ ပေးခဲ့သည့် အာဆီယံအတွင်းရေးမှူးချုပ်နှင့် ရုံးအဖွဲ့၊ သဘောတူစာချုပ်ကို အောင်မြင်စွာ ချုပ်ဆိုနိုင်အောင် ကြိုးပမ်းအားထုတ်ခဲ့သည့် ကုန်သွယ်ရေးညှိနှိုင်းမှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားလုံးကိုလည်း ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

RCEP သဘောတူစာချုပ်သည် အဖွဲ့ဝင်နိုင်ငံ ၁၅ နိုင်ငံပါဝင်သည့်အတွက် ကမ္ဘာ့လူဦးရေ၏ ၃၀ ရာခိုင်နှုန်းကိုလည်းကောင်း၊ ကမ္ဘာ့စီးပွားရေး၏ ၃၀ ရာခိုင်နှုန်းနှင့် ကမ္ဘာ့ကုန်သွယ်မှု၏ ၂၈ ရာခိုင်နှုန်းနီးပါးကိုလည်းကောင်း ကိုယ်စားပြုထားသဖြင့် ကမ္ဘာ့အကြီးဆုံး ကုန်သွယ်ရေး သဘောတူစာချုပ်များအနက် တစ်ခုအပါအဝင် ဖြစ်လာမည်ဖြစ်သည်။

RCEP ၏ အဖွဲ့ဝင်နိုင်ငံများတွင် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ ပါဝင်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် RCEP သဘောတူစာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးခြင်းဖြင့် မိမိတို့နိုင်ငံ၏ ထုတ်ကုန်များကို ပိုမိုကျယ်ပြန့်သည့် ကမ္ဘာ့အဆင့်မြင့် ဈေးကွက်များသို့ တင်ပို့နိုင်မည့် အခွင့်အလမ်းများ ရရှိမည်ဖြစ်သည်။ ထို့ပြင် သဘောတူစာချုပ်ပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ မြန်မာနိုင်ငံသို့ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော အရည်အသွေးမြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာနိုင်မည့် အခွင့်အရေးကိုလည်း ရရှိနိုင်မည်ဖြစ်သည်။ ၎င်းအပြင် ဖွံ့ဖြိုးပြီး နိုင်ငံများနှင့် နည်းပညာပူးပေါင်း ဆောင်ရွက်မှု အစီအစဉ်များမှတစ်ဆင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကဏ္ဍအသီးသီးရှိ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကိုလည်း နိုင်ငံတကာအဆင့်မီ သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်ပါအကောင်အထည်ဖော်ရန်အတွက် မြှင့်တင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းရရှိမည် ဖြစ်သည်။

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံနှင့် သြစတြေးလျ၊ တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် နယူးဇီလန်နိုင်ငံတို့မှ ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ ကုန်သွယ်ရေးညှိနှိုင်းမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အငယ်တန်းအင်ဂျင်နီယာ(၃)နှင့် အငယ်တန်းအင်ဂျင်နီယာ(၄) အလုပ်ခွင်ဝင် အွန်လိုင်းသင်တန်းဆင်းပွဲကျင်းပ





**နေပြည်တော် နိုဝင်ဘာ ၁၁**

ဆောက်လုပ်ရေး ဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ အငယ်တန်းအင်ဂျင်နီယာ(၃)နှင့် အငယ်တန်းအင်ဂျင်နီယာ(၄)အလုပ်ခွင်ဝင် အွန်လိုင်းသင်တန်းအမှတ်စဉ် (၁/၂၀၂၀) သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲ ၃ နာရီတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ယခုသင်တန်းကို အောက်တိုဘာ ၁၉ ရက်ကစ၍ နိုဝင်ဘာ ၁၁ ရက်အထိ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းတွင် အဆောက်အဦဦးစီးဌာနမှ ၇၃ ဦး၊ လမ်းဦးစီးဌာနမှ ၁၇၈ ဦး၊ တံတားဦးစီးဌာနမှ ၆၆ ဦး၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၁၈ ဦး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ၁၁၂ ဦး စုစုပေါင်း ၄၄၇ ဦး တက်ရောက်ခဲ့ပါကြောင်း။

ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်မြင့်မားရေးအတွက်မျိုးဆက်သစ်များ လုပ်ငန်းခွင်နှင့် ပတ်သက်သည့် အင်ဂျင်နီယာဘာသာရပ်များ အပြင် အခြားအထောက်အကူပြု ဘာသာရပ်များ သိရှိလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို သိရှိလိုက်နာတတ်ကြစေရေးကို နှောင့်နှေးကြန့်ကြာမှုမရှိရအောင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ အွန်လိုင်းသင်တန်းဖွင့်လှစ်ပေးရခြင်း ဖြစ်ကြောင်း။

ယနေ့ သင်တန်းဆင်းမည့် အင်ဂျင်နီယာသင်တန်းသား၊ သင်တန်းသူများသည် ဆောက်လုပ်ရေးဝန်ကြီးဌာနအတွက် အားကိုးအားထားပြုရမည့် အင်ဂျင်နီယာများ ဖြစ်လာရန် မျှော်လင့်ပါကြောင်း၊ အင်ဂျင်နီယာဘာသာရပ်များအပြင် ဝန်ကြီးဌာန၏ ဖွဲ့စည်းပုံဝန်ထမ်းကျင့်ဝတ်၊ အင်ဂျင်နီယာကျင့်ဝတ်၊ ရုံးသုံးမြန်မာစာ ရေးသားနည်းနှင့် ရုံးလုပ်ငန်းဘာသာရပ်၊ အုပ်ချုပ်ရေးဆိုင်ရာကိစ္စ ရပ်များ၊ ဘဏ္ဍာရေးစည်းမျဉ်းများ၊ အခွန်ဆိုင်ရာ ကိစ္စရပ်များ၊ ရန်ပုံငွေခွဲဝေပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဌာနဆိုင်ရာကိုဥပဒေများ၊ ငွေစာရင်းဆိုင်ရာဥပဒေများနှင့် ညွှန်ကြားလွှာများ၊ အသုံးစရိတ်သုံးစွဲခြင်းဆိုင်ရာ ဘဏ္ဍာရေးလုပ်ထုံး လုပ်နည်းတို့ကို ထည့်သွင်းသင်ကြား ပေးခဲ့ခြင်း ဖြစ်ကြောင်း။

သင်တန်းကာလ သုံးပတ်သည် တိုတောင်းသော်လည်း အတွေ့အကြုံရင့်ကျက်သည့် နည်းပြဆရာများ၏ သင်ကြားပို့ချမှုများကို လုပ်ငန်းခွင် အတွေ့အကြုံများနှင့် ပေါင်းစပ်၍ မိမိ၏ အရည်အချင်းနှင့် စွမ်းရည်များကို ကိုယ်တိုင်မြှင့်တင်ရမည် ဖြစ်ပါကြောင်း၊ လုပ်ငန်းခွင်ဝင်ကြမည့် အင်ဂျင်နီယာသင်တန်းသား၊ သင်တန်းသူများအနေဖြင့် ယခုသင်တန်းမှ သင်ကြားပို့ချပေးလိုက်သည့် ပညာရပ်များကို မိမိကိုယ်တိုင်စိတ်ဝင်တစားနှင့် လုပ်ငန်းခွင်၌ ပေါင်းစပ်လုပ်ဆောင်ပါက အတွေ့အကြုံများ ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ချမှတ်ထားသည့် မူဝါဒများကို လိုက်နာပြီး ပြောင်းလဲတိုးတက်နေသည့် ခေတ်စနစ်နှင့်အညီ အသိပညာ၊ အတတ်ပညာများ တိုးတက်အောင် လေ့လာဆည်းပူးသင်ယူကြရန် အထူးမှာကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးရွှေလေးက သင်တန်းဆင်းအောင်လက်မှတ်များအား ပေးအပ်ရာတွင် အဆောက်အဦဦးစီးဌာန၊ လမ်းဦးစီးဌာန၊ တံတားဦးစီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် ကျေးလက်လမ်း ဖွံ့ဖြိုးဦးစီးဌာနတို့မှ သင်တန်းသား သင်တန်းသူများ ကိုယ်စား ကိုယ်စားလှယ်တစ်ဦးစီက လက်ခံရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တက္ကသိုလ်ရာပြည့် အထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲကို MRTV မှ အပတ်စဉ် သောကြာနေ့ညတိုင်းပြသမည်

**နေပြည်တော် နိုဝင်ဘာ ၁၁**

ရန်ကုန်တက္ကသိုလ်ရာပြည့်ကို ဂုဏ်ပြုသောအားဖြင့် တက္ကသိုလ်ဖွဲ့ တေးသီချင်း အပုဒ် ၁၀၀ ကို အပတ်စဉ် သောကြာနေ့တိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်မည်ဖြစ်ရာ နိုဝင်ဘာ ၁၃ ရက်ညတွင် ပွဲစဉ် (၅)အဖြစ် LUCKY HAND, THE TREES တေးဂီတအဖွဲ့တို့နှင့်အတူ တေးသံရှင် စိန်ဝင်းထွန်း၊ အက်စ်ကဲနက်၊ ဂျေမောင်မောင်၊ ဖြိုးကြီး၊ ဇော်ပိုင်၊ ဖိုးကာ၊ ကျော်သီဟ၊ စောလားထော်ဝါး၊ သန်းသန်းနွယ်၊ ယုဇနာ၊ ရတနာမိုင်၊ ကေကေမိုး၊ ဝတ်ရည်ထက်၊ ဖူးဖူးသစ်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါတင်ဆက်ခဲ့မှုကို နိုဝင်ဘာ ၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲအချိန်တွင် ဒုတိယအကြိမ် ပြန်လည်ထုတ်လွှင့်ပြသမည်ဖြစ်ပါကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

❍ *ရှေ့ဖုံးမှ*

ပြီးမြောက်ပါက မဲရုံပိတ်၍ ဆန္ဒမဲရေတွက်ပါကြောင်း၊ ညနေ ၄ နာရီထိုးပြီးသော်လည်း မဲရုံအတွင်းရောက်ရှိနေသည့် မဲဆန္ဒရှင်များ အားလုံးဆက်လက် ဆန္ဒမဲပေးစေပါကြောင်း၊ မဲဆန္ဒရှင်အားလုံး ဆန္ဒမဲပေးခြင်း ပြီးမြောက်သည့်အခါတွင် မဲရေတွက်ပါကြောင်း၊ မဲပေးသည့်အချိန်မှ မဲရေတွက်သည့် ရလဒ်များပြီးဆုံးပြီးနောက် မဲရုံမှူးက မဲရလဒ်များ ထုတ်ပြန်ကြေညာသည့်အချိန်အထိ မဲရုံအတွင်း၌ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ်များ ရှိကြပါကြောင်း၊ မဲရုံကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မဲဆန္ဒရှင်များက နှစ်သက်ရာလွှတ်တော်ကိုယ်စားလှယ်များကို ဆန္ဒမဲပေးရွေးချယ်ပါကြောင်း။

**မှတ်တမ်းတင်ရ**

မဲရုံမှူးက မဲရေတွက်သည့်အခါတွင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ်များ၊ သက်သေအဖြစ် မဲဆန္ဒရှင်များထဲမှ အနည်းဆုံး ၁၀ ဦးနှင့် ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများ ရှိပါကြောင်း၊ ၎င်းတို့၏ရှေ့မှောက်၌ ပွင့်လင်းမြင်သာစွာဖြင့် မဲရေတွက်ခြင်းဖြစ်ပါကြောင်း၊ ထိုသို့မဲရေတွက်ရာတွင် မဲရေတွက်မှုများကို အချို့မီဒီယာများက တိုက်ရိုက်ထုတ်လွှင့်ပါကြောင်း၊ မဲရေတွက်သည့် နေရာတွင် တစ်စောင်ချင်းစီအလိုက် မည်သူ့ကိုမဲပေးသည်၊ မည်သည့်အတွက်ကြောင့် ပယ်မဲဖြစ်သည်၊ ခိုင်လုံမဲဖြစ်သည် စသဖြင့် မဲရေတွက်ပြီး ဆန္ဒမဲလက်မှတ်များ ထည့်ကြပါကြောင်း၊ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ်များက ခိုင်လုံမဲမဟုတ်ဘဲ ပယ်မဲအဖြစ်သတ်မှတ်သင့်သည်၊ ပယ်မဲမဟုတ်ဘဲ ခိုင်လုံမဲအဖြစ် သတ်မှတ်သင့်သည် စသည်ဖြင့် ကန့်ကွက်ပြောဆိုပိုင်ခွင့်ရှိပါကြောင်း၊ မဲရုံမှူးက ယင်းကိစ္စများကိုကြည့်၍ သတ်မှတ်ချက်နှင့် ညီညွတ်မှုရှိပါက ပယ်မဲ၊ ခိုင်လုံမဲကို ဆုံးဖြတ်ပါကြောင်း၊ ပယ်မဲဟုဆုံးဖြတ်ပါက မည်သည့်အတွက်ကြောင့် ပယ်မဲအဖြစ်ဆုံးဖြတ်သည်ကို မှတ်တမ်းတင်ရပါကြောင်း။

**ပွင့်လင်းမြင်သာ**

**သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ်များ ရှေ့မှောက်တွင် မဲဆန္ဒရှင်များက ဆန္ဒမဲလက်မှတ်များကို မဲပုံးထဲသို့ ထည့်ကြပါကြောင်း၊ မဲရေတွက်သည့်အခါတွင်လည်း ယင်းမဲရုံကိုယ်စားလှယ်များ၊ မဲဆန္ဒရှင်အသိသက်သေများ ရှေ့မှောက်တွင် မဲရေတွက်ပါကြောင်း၊** ရေတွက်ရရှိလာသည့် ကိုယ်စားလှယ်လောင်းတစ်ဦးချင်း၏ ဆန္ဒမဲအရေအတွက်များကို ယင်းကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီအလိုက် ရရှိသည့်မဲအရေအတွက်ကို ပုံစံ-၁၆တွင် ရေးသွင်းပါကြောင်း၊ ယင်းပုံစံ-၁၆ အပေါ်တွင် တာဝန်ရှိသည့် မဲရုံအဖွဲ့ဝင်များ၊ မဲရုံမှူးများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ်များက လက်မှတ်ရေးထိုးပါကြောင်း၊ ပုံစံ-၁၆ ကို ငါးစောင်ပြုစုပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တစ်စောင်၊ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲသို့ နှစ်စောင်၊ မဲရုံမှူးထံတွင် တစ်စောင်နှင့် မဲရုံတွင် တစ်စောင်ကပ်ထားပါကြောင်း၊ ယင်းမဲရုံတွင် ယှဉ်ပြိုင်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရရှိသည့်မဲအရေအတွက်နှင့် မည်သူက မဲအများဆုံးရရှိသည်၊ မည်သည့်ပါတီက မဲအများဆုံးရရှိသည်ကို မဲရေတွက်ပြီးပါက ထင်ထင်ရှားရှား သိရပါကြောင်း၊ ထို့ကြောင့် မိမိတို့စနစ်သည် များစွာပွင့်လင်းမြင်သာပြီး မဲရေတွက်ပြီးသည့်နောက် ချက်ချင်းသိနိုင်ပါကြောင်း၊ မည်သည့်လွှတ်တော်ကိုယ်စားလှယ်မှာ ရွေးကောက်တင်မြှောက်ခံရသည်၊ မည်သည့်ပါတီ အနိုင်ရရှိသည်ကို အလွယ်တကူဖြင့် သေသေချာချာ သိရှိနိုင်ပါကြောင်း။

ညနေ ၄ နာရီထိုးပြီးသည့်အချိန်တွင် သက်ဆိုင်ရာမြို့နယ်ကော်မရှင်အဖွဲ့ခွဲများက ၎င်းတို့ထံသို့ ညနေ ၄ နာရီမထိုးမီရောက်ရှိလာသည့် ကြိုတင်ဆန္ဒမဲများကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ်များ(သို့မဟုတ်) ၎င်းတို့က ရွေးချယ်ထားသည့် ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် ဖွင့်လှစ်ရေတွက်ပါကြောင်း၊ ရေတွက်သည့်အခါတွင် မဲတစ်စောင်ချင်းစီအလိုက် ခိုင်လုံမဲ၊ ပယ်မဲ၊ မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်း၏မဲ စသဖြင့် သတ်မှတ်ထားသည့် ခြင်းများအတွင်း ထည့်သွင်းပါကြောင်း၊ ထို့နောက် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးချင်းစီက ရရှိသည့် မဲအရေအတွက်ကို ပုံစံ-၁၈ တွင် ရေးသွင်းပြီး လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ်များ (သို့မဟုတ်) ၎င်းတို့က ရွေးချယ်ထားသည့် ကိုယ်စားလှယ်များနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက လက်မှတ်ရေးထိုးပါကြောင်း၊ ထို့ကြောင့် ပုံစံ-၁၈ ကို ကြည့်ခြင်းဖြင့် ကြိုတင်ဆန္ဒမဲများနှင့် ပတ်သက်၍ မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းသည် မဲအများဆုံးရရှိပြီး ရွေးကောက်တင်မြှောက်ခံရသည်၊ မည်သည့်ပါတီအနိုင်ရရှိသည်ကို ထင်ထင်ရှားရှား တွေ့ရှိနိုင်ပါကြောင်း။

ထို့နောက် မဲရုံအသီးသီးက ပေးပို့လိုက်သည့် ပုံစံ-၁၆ မှ မဲအရေအတွက်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ပြုစုထားသည့် ပုံစံ-၁၈ မှ မဲအရေအတွက်နှင့် ပေါင်း၍ ပုံစံ-၁၉ ကို ရေးသွင်းလိုက်သည့်အခါတွင် မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းမှာ ရွေးကောက်တင်မြှောက်ခံရသည်၊ မည်သည့်ပါတီ အနိုင်ရရှိသည်ဆိုသည်မှာ ချက်ချင်းပေါ်ပေါက်ပါကြောင်း၊ ရွေးကောက်ပွဲပြီး၍ မဲလက်မှတ်များ ရေတွက်ပြီးသည်နှင့် မည်သည့်လွှတ်တော်ကိုယ်စားလှယ်လောင်းများ အနိုင်ရရှိသွားသည်၊ မည်သည့်ပါတီအနိုင်ရရှိသည်ကို အားလုံးကသိရှိသွားပြီဖြစ်ပါကြောင်း။

**တွက်ချက်ပြီးကြေညာ**

ရလဒ်များကို ထုတ်ပြန်ကြေညာသည့်အခါတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၆ အရ ကြေညာပါကြောင်း၊ ထိုသို့ကြေညာသည့်အခါတွင် အနိုင်ရရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းမပါရှိဘဲ ကျန်သည့်လွှတ်တော်ကိုယ်စားလှယ် အသီးသီးရရှိသည့် ဆန္ဒမဲများ၊ လာရောက်မဲပေးသည့် ဆန္ဒမဲမည်မျှ၊ မည်သည့်ရာခိုင်နှုန်းရသည်ကို တွက်ချက်ပြီး ကြေညာရပါကြောင်း၊ ထို့ကြောင့် ယင်းစာရင်းဇယားများကို ပြုစုတွက်ချက်ရသည့် အတွက်ကြောင့် ချက်ချင်းကြေညာခြင်း မပြုနိုင်ပါကြောင်း၊ တွက်ချက်ပြီးပါက လွှတ်တော်ကိုယ်စားလှယ်လောင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ကြေညာပါကြောင်း၊ ၎င်းတို့ကြေညာပြီးသည့်အခါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထပ်ဆင့်တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သိရှိရအောင် ကြေညာပေးပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များကို ၂၀၁၅ ခုနှစ်တွင်လည်း ထိုကဲ့သို့ပြုလုပ်ခဲ့ပြီး ထိုစဉ်ကလည်း ၁၀ ရက်ကြာခဲ့ပါကြောင်း၊ ယခုအခါရလဒ်များကို တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမြန်ဆုံးထုတ်ပြန်နိုင်ရေး စီစဉ်ထားပါကြောင်း၊ မိမိတို့မှလည်း အမြန်ဆုံးကြေညာနိုင်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

◆ **ယခုအခါ ကိုယ်စားလှယ်စာရင်းကို တော်တော်များများ ကြေညာပြီးစီးပြီဖြစ်၊ တစ်ပတ်အတွင်းပြီးအောင် ကြေညာမည်ဖြစ်၊ ရွေးကောက်ပွဲပြီးစီး၍ ထွက်ရှိလာသည့် ရလဒ်များသည် မြင်သာမှုရှိသည့်အတွက် ချက်ချင်းသိရှိ**

◆ **နည်းဥပဒေဘောင်အတွင်းမှ တတ်နိုင်သမျှ မျှမျှတတရှိအောင် ဆောင်ရွက်ခဲ့၊ ပွင့်လင်းမြင်သာစွာဖြင့် ရွေးကောက်ပွဲကြီး ကျင်းပနိုင်ခဲ့သည်ကို မီဒီယာများလည်း တွေ့မြင်ကြပြီးဖြစ်**

**ရလဒ်များကို ကြိုဆိုထောက်ခံ**

ယခုအခါ ကိုယ်စားလှယ်စာရင်းကို တော်တော်များများ ကြေညာပြီးစီးပြီ ဖြစ်ပါကြောင်း၊ တစ်ပတ်အတွင်း ပြီးအောင် ကြေညာမည် ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲပြီးစီး၍ ထွက်ရှိလာသည့် ရလဒ်များသည် မြင်သာမှုရှိသည့်အတွက် ချက်ချင်းသိရှိပါကြောင်း၊ ထိုသို့သိရှိသည့် ရလဒ်များအပေါ် ပါတီကြီးများက ယင်းရလဒ်ကို ကြိုဆိုထောက်ခံကြောင်းနှင့် လက်ခံရရှိကြောင်းကို ကြေညာချက်များ ထုတ်ပြန်ပါကြောင်း၊ တချို့သော ပါတီများကလည်း ရွေးကောက်ပွဲလုပ်ငန်းစဉ်အပေါ် အဆင်မပြေမှု တချို့ရှိသော်လည်း ထိုရလဒ်အပေါ် လက်ခံကြောင်းကို ကြေညာချက်ထုတ်ပြန်ပါကြောင်း၊ ပါတီကြီးတစ်ခုကလည်း ပါတီသက်တမ်းနုနယ်သေးသော်လည်း ယခုကဲ့သို့ရွေးကောက်တင်မြှောက်ခံရခြင်းအပေါ် ကျေနပ်ဝမ်းသာပြီး မဲဆန္ဒရှင်များကို အသိပေးသည့် ရလဒ်များအပေါ်တွင်လည်း ကျေနပ်ထောက်ခံသည်ကို ထုတ်ပြန်ခဲ့ပါကြောင်း၊ တခြားသော ပါတီအချို့နှင့် လွှတ်တော်ကိုယ်စားလောင်းများကလည်း ရလဒ်များကို ကြိုဆိုထောက်ခံကြပါကြောင်း။

ယင်းကဲ့သို့ ထုတ်ပြန်မှုများ တွေ့ရခြင်းကြောင့် ရွေးကောက်ပွဲကော်မရှင်မှ ဝမ်းသာပါကြောင်း၊ မဲဆန္ဒရှင်များကို အသိမှတ်ပြုပြီး ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ကြိုဆိုသည့် နိုင်ငံရေးပါတီများ ရှိနေသည်ကိုလည်း မိမိတို့ ဝမ်းမြောက်ဝမ်းသာ တွေ့ရှိရပါကြောင်း၊ ယင်းမှာ ဒီမိုကရေစီစနစ်၊ ဒီမိုကရေစီကျင့်စဉ်၊ ဒီမိုကရေစီအလေ့အထတွင် အင်မတန်မှ ကောင်းမွန်သည့် အချက်များဖြစ်ပါကြောင်း၊ တချို့သော နိုင်ငံရေးပါတီများမှလည်း ယင်းအပေါ် အငြင်းပွားမှုများ၊ လက်မခံနိုင်သည့်အခြေအနေများ ရှိနေသည်မှာ ဒီမိုကရေစီနည်းအရရှိနေမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲဥပဒေနှင့်အညီ လွတ်လပ်ရမည်၊ မျှတရမည်၊ အများယုံကြည်လက်ခံနိုင်ရမည်၊ ပွင့်လင်းမြင်သာမှုရှိရမည်၊ မဲဆန္ဒနှင့် ရလဒ်တစ်ထပ်တည်းရှိရမည် စသည့်စံထားချက်များနှင့်အညီ ကျင်းပမည်ဟု ကြေညာခဲ့ပါကြောင်း၊ မည်သည့်ပါတီနိုင်စေ၊ မည်သည့်ပါတီရှုံးစေဆိုသည့် ဦးတည်ချက်မျိုး လုံးဝမရှိခဲ့ပါကြောင်း၊ စံ ၅ ချက်နှင့်အညီ ကျင်းပမည်ဆိုသည့် ဦးတည်ချက်ဖြင့် ကျင်းပရာတွင် ရွေးကောက်ပွဲကြီး လွတ်လပ်ချောမောစွာ ပြီးစီးခဲ့ပါကြောင်း။

ရွေးကောက်ပွဲလွတ်လပ်မှုရှိသည်ကို မီဒီယာများလည်း လေ့လာပြီး ဖြစ်ပါကြောင်း၊ အမှန်တကယ် လွတ်လွတ်လပ်လပ်ဖြင့် ရွေးကောက်ပွဲကိုကျင်းပခဲ့ပါကြောင်း၊ ကြိုတင်ဆန္ဒမဲများ ယူသည့်နေရာ၌ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကော်မရှင်မှ ကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များရှေ့တွင် ကြိုတင်မဲပုံးများရယူပြီး စနစ်တကျလုံခြုံအောင် သိမ်းဆည်းထားပါကြောင်း၊ လုံခြုံရေးအထူးရဲများမှ စောင့်ရှောက်ထားပါကြောင်း၊ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ သက်ဆိုင်ရာနိုင်ငံရေးပါတီများနှင့် လေ့လာသူများအား မည်သည့်အချိန်ဖြစ်ဖြစ် သွားရောက်လေ့လာနိုင်ကြောင်းကို မိမိတို့ထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ နည်းဥပဒေဘောင်အတွင်းမှ တတ်နိုင်သမျှ မျှမျှတတရှိအောင် ဆောင်ရွက်ခဲ့ပါကြောင်း၊ ပွင့်လင်းမြင်သာစွာဖြင့် ရွေးကောက်ပွဲကြီး ကျင်းပနိုင်ခဲ့သည်ကို မီဒီယာများလည်း တွေ့မြင်ကြပြီး ဖြစ်ပါကြောင်း၊ အများပြည်သူများ လက်ခံနိုင်သည့် ရွေးကောက်ပွဲဖြစ်သည်ကို ပါဝင်ယှဉ်ပြိုင်ကြသည့် ပါတီကြီးတချို့ကလည်း ယုံကြည်လက်ခံပါကြောင်း၊ ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ပါတီများကလည်း ယုံကြည်လက်ခံနိုင်ခြင်းရှိသည်ကို တွေ့ရပါကြောင်း။

**မီဒီယာများနှင့် တွေ့ဆုံမည်**

ပြည်ပမှ သံတမန်အဖွဲ့အစည်းများ လာရောက်လေ့လာသည့်အခါ တွေ့မြင်ရမှုအပေါ် ယုံကြည်လက်ခံသည်ဟု ပြောကြားကြပါကြောင်း၊ မဲဆန္ဒရှင်နှင့်ဆန္ဒမဲတစ်ထပ်တည်းဖြစ်ရမည်ကိုလည်း မဲဆန္ဒရှင်များပေးလိုက်သည့် ဆန္ဒနှင့် ရလဒ်ကို တစ်ထပ်တည်းဖြစ်အောင် မိမိတို့ ကြေညာပေးလျက်ရှိပါကြောင်း၊ ယခုရွေးကောက်ပွဲမှာ ကိုဗစ်ကာလကြုံကြိုက်နေသော်လည်း မထင်မှတ်အောင် လာရောက်ဆန္ဒမဲပေးကြသည့် မဲဆန္ဒရှင်ပြည်သူများကို ကျေးဇူးအထူးတင်ရှိပါကြောင်း၊ မဲရုံများ၌ တာဝန်ထမ်းဆောင်ကြသည့် ဆရာ၊ ဆရာမများ ၊ မဲရုံမှူး၊ မဲရုံဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှုဖြင့် အောင်မြင်ချောမောစွာ ကျင်းပပေးနိုင်ခဲ့သည့်အတွက် ရွေးကောက်ပွဲကော်မရှင်ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ ရွေးကောက်ပွဲတွင် ပါဝင်ကူညီပေးကြသည့် ကျန်းမာရေးဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို ကျေးဇူးတင်ရှိပါကြောင်း၊ ရွေးကောက်ပွဲကို မှန်ကန်အောင်၊ တည့်မတ်သွားအောင် မေးမြန်းပူးပေါင်းပြီး ဆောင်ရွက်ပေးသည့် တာဝန်ရှိသူများနှင့် မီဒီယာများကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် လုံခြုံရေးအရာရှိများ၊ မဲရုံ၌ထားသည့် ကြိုတင်မဲပုံးများကို သေချာစွာ ဂရုတစိုက် စောင့်ရှောက်ပေးသည့် အထူးရဲအရာရှိများကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ ရွေးကောက်ပွဲကို အားလုံး အဆင်ပြေချောမွေ့အောင် ဝိုင်းဝန်းပူးပေါင်းပါဝင်ကူညီဆောင်ရွက်ကြသည့် သက်ဆိုင်သူများအားလုံးကို ကျေးဇူးတင်ပါကြောင်း၊ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကြီးကလည်း ရွေးကောက်ပွဲအားလုံး ကြေညာပြီးသည့်အခါ မီဒီယာများနှင့် တွေ့ဆုံပြီး ရှင်းလင်းပြောကြားမည့် အစီအစဉ်ရှိပါကြောင်း ပြောကြားသည်။

**အသေးစိတ်ပြန်လည်ဖြေကြား**

ထို့နောက် ပြည်တွင်းပြည်ပ သတင်းမီဒီယာများက ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ရလဒ်များ ထုတ်ပြန်မှု နောက်ကျရခြင်းကိစ္စ၊ ရွေးကောက်ပွဲတရားမျှတမှုမရှိဟု ပြောဆိုပြီး ပုံစံ-၁၉ တွင် လက်မှတ်မထိုးသည့်ကိစ္စ၊ ရှမ်းပြည်နယ် မိုင်းတုံမြို့တွင် အသက် ၁၈ နှစ်မပြည့်သေးသူများ မဲပေးသည်ဟု စွပ်စွဲမှုအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် မည်သို့တုံ့ပြန်ဆောင်ရွက်သွားမည့် ကိစ္စ၊ မဲဆန္ဒနယ်အချို့၌ မဲပေးနိုင်သည့် ဦးရေထက် လာရောက်မဲပေးသူ ပိုမိုများပြားနေသည်ဟု စွပ်စွဲသည့်ကိစ္စ၊ ကြိုတင်မဲများ တရားမျှတမှု ရှိ မရှိနှင့် စိစစ်ဆောင်ရွက်နေမှု အခြေအနေ၊ မဲပေးခွင့်ရှိသူတစ်ဦးတည်းက မဲစာရင်း ၂ ခုတွင်ပါရှိပြီး ၂ ကြိမ်မဲပေးမှုများ ရှိသည်ဟု ထွက်ပေါ်နေသည့်ကိစ္စ၊ မဲရေတွက်မှု နောက်ကျသည့်ကိစ္စ၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အငြင်းပွားနေသည့် မဲရုံအရေအတွက်၊ နောက်တစ်ကြိမ် ရွေးကောက်ပွဲ ကျင်းပရန် တောင်းဆိုနေမှုကိစ္စ၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မဲပေးခွင့်ရှိဦးရေထက် လာရောက်မဲပေးသည့် ဦးရေ ကျော်လွန်နေကြောင်း စွပ်စွဲချက်ထွက်ပေါ်နေသည့် ကိစ္စ၊ လက်ရှိ ရွေးကောက်ပွဲအငြင်းပွားသည့် ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်သွားမည့်အခြေအနေ၊ ယခုရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူဦးရေနှင့် မဲလာရောက်ပေးသူစာရင်းအား သိရှိလိုခြင်း၊ ကော်မရှင်က ထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်များ အချိန်နီးကပ်မှ ထုတ်ပြန်မှုအပေါ် ဝေဖန်နေသည့်ကိစ္စ၊ လက်ရှိကျင်းပခဲ့သည့် ရွေးကောက်ပွဲ၌ မကျင်းပနိုင်သည့်မဲဆန္ဒနယ်များကို မည်သို့ဆောင်ရွက်သွားမည်ဆိုသည့်ကိစ္စ၊ လက်ရှိရွေးကောက်ပွဲကို သတ်မှတ်ထားသည့် စံ ၅ ချက်နှင့်အညီ ကျင်းပနိုင်ခဲ့ခြင်း ရှိ မရှိ၊ ရွေးကောက်ပွဲဆိုင်ရာ တရားမဲ့ပြုကျင့်မှုများ တိုင်တန်းမှုကို မည်သည့်အချိန်အထိ လက်ခံဆောင်ရွက်ပေးသွားမည်နှင့် မည်သည့်အချိန် နောက်ဆုံးထားဖြေရှင်းပေးမည့် အခြေအနေ၊ ရွေးကောက်ပွဲကျင်းပသည့်နေ့၌ နှောင့်ယှက်ဟန့်တားမှုဖြစ်စဉ်များ ဖြစ်ပွားခဲ့မှု ရှိ မရှိ ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မေးမြန်းကြရာ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က အသေးစိတ်ပြန်လည်ဖြေကြားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က **ပုံစံ ၁၉ တွင် ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြသည့် ကိုယ်စားလှယ်လောင်းများ လက်မှတ်မရေးထိုးသည့်ကိစ္စနှင့်စပ်လျဉ်း၍** ဥပဒေပြဋ္ဌာန်းချက်တွင် သက်ဆိုင်ရာကိုယ်စားလှယ်လောင်းများသည် ပုံစံ ၁၉ တွင် လက်မှတ်ထိုးရန် တာဝန်ရှိပါကြောင်း၊ လက်မှတ်မထိုးလျှင် မထိုးသူတွင်သာ တာဝန်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တရားမျှတသည့် ရွေးကောက်ပွဲမဖြစ်ဘူးဆိုသည့် စွပ်စွဲချက်များသည် ယေဘုယျစွပ်စွဲပြောကြားချက်များသာဖြစ်ပြီး ပြန်လည်တုံ့ပြန်ရန် မရှိပါကြောင်း၊ ပါတီကြီး သုံးခုက ရွေးကောက်ပွဲကို ကြိုဆိုထောက်ခံကြောင်း ကြေညာချက်ထုတ်ပြန်ထားပါကြောင်း၊ ယင်းကဲ့သို့သော စွပ်စွဲချက်များသည် ဒီမိုကရေစီကျင့်စဉ်၊ ဒီမိုကရေစီအလေ့အထတွင် ရှိကြပါကြောင်း။

**နောက်တစ်ကြိမ် ရွေးကောက်ပွဲကျင်းပရန် တောင်းဆိုနေမှုကိစ္စနှင့်စပ်လျဉ်း၍** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်၍မျှတသည့် ရွေးကောက်ပွဲကျင်းပပြီးဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲ စံ ၅ ချက်နှင့်အညီ ကျင်းပနိုင်ခဲ့ကြောင်းကို သုံးသပ်ရရှိပါကြောင်း၊ ယခုရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ပါတီကြီးများအပြင် ပါတီအချို့ကလည်း လက်ခံပြီးဖြစ်ပါကြောင်း၊ ယခုရလဒ်အတိုင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**မဲပေးပိုင်ခွင့်ရှိသည့် ဦးရေထက်ပိုပြီး လာရောက်မဲပေးခဲ့မှုရှိကြောင်း စွပ်စွဲပြောကြားချက်နှင့်စပ်လျဉ်း၍** ယင်းမှာ အခြေအမြစ်မရှိသည့် ကိန်းဂဏန်းများအပေါ်တွင် ထင်ယောင်ထင်မှားဖြစ်အောင် ပြောဆိုမှုများဖြစ်ပါကြောင်း၊ သေသေချာချာ ခိုင်ခိုင်မာမာရှိပါက ဥပဒေကြောင်းအရ ကုစားနိုင်ကြောင်း၊ ဆောင်ရွက်သွားနိုင်ကြောင်း၊ ဥပဒေနှင့်အညီ သွားရန်လိုအပ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**သတင်း-မျိုးမင်းနိုင်**
**ဓာတ်ပုံ-ကိုထိန်**

# အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၂၄ / ၂၀၂၀ )
၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
( ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၁ ရက် )

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ ဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|---|
| **ကယားပြည်နယ်** | | | | |
| (၁) | ဦးကျော်သန်း | ၂ / ဘလခ(နိုင်)၀၀၀၄၇၉ | အမှတ် ( ၃ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂) | ဦးအေးရွှေ | ၂ / ဘလခ(နိုင်)၀၀၀၅၈၄ | အမှတ် ( ၄ ) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| **ကရင်ပြည်နယ်** | | | | |
| (၃) | မန်းဝင်းခိုင်သန်း | ၁၄ / ကပန(နိုင်)၀၀၃၂၀၆ | အမှတ် ( ၁၁ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄) | စောကျော်မင်းထူး | ၃ / ဘအန(နိုင်)၀၀၄၁၁၂ | အမှတ် ( ၁၂ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ချင်းပြည်နယ်** | | | | |
| (၅) | ဦးဟန်ခန့်လျှန်း | ၄ / တတန(နိုင်)၀၂၆၆၆၆ | အမှတ် ( ၁ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၆) | ဦးထန်ဒိုးကျင့် | ၄ / ဖလန(နိုင်)၀၀၂၂၉ | အမှတ် ( ၂ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၇) | ဒေါ်ခင်ဆွေလွင် | ၄ / ကပလ(နိုင်)၀၀၀၄၀၁ | အမှတ် ( ၅ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | | |
| (၈) | ဦးငွေးလွင် | ၆ / သရခ(နိုင်)၀၀၂၀၉၃ | အမှတ် ( ၆ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ပဲခူးတိုင်းဒေသကြီး** | | | | |
| (၉) | ဦးမင်းဦး | ၇ / ဖမန(နိုင်)၀၂၃၆၈၂ | အမှတ် ( ၃ ) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

*စာမျက်နှာ ၆ သို့*

❒ *ကျောဖုံးမှ*

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|---|
| (၁၁) | ဒေါက်တာဒေါ်ပြုံး | ၅/အတန(နိုင်)၀၀၃၂၃၂ | အင်းတော် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | | |
| (၁၂) | ဦးနေလင်းထွန်း | ၆/ဘပန(နိုင်)၀၀၂၅၂၇ | ဘုတ်ပြင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၃) | ဒေါ်တင်ငွေး | ၆/သရခ(နိုင်)၀၆၀၄၃၂ | သရက်ချောင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ပဲခူးတိုင်းဒေသကြီး** | | | | |
| (၁၄) | ဒေါ်မြခွာညိုဦး | ၇/ရတန(နိုင်)၀၁၄၄၅၆ | ရွှေတောင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မကွေးတိုင်းဒေသကြီး** | | | | |
| (၁၅) | ဦးသာချို(ခ)ဦးတင်ကြိုင် | ၈/ရနခ(နိုင်)၀၂၅၃၉၃ | ရေနံချောင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၆) | ဒေါ်ယဉ်မင်းလှိုင် | ၈/စလန(နိုင်)၀၀၀၆၂၈ | ဂန့်ဂေါ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၇) | ဦးကျော်အောင်လွင် | ၈/စတရ(နိုင်)၀၀၃၃၄၄ | စေတုတ္တရာ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၈) | ဒေါ်ခင်မျိုးဆက် | ၁၂/ပဇတ(နိုင်)၀၁၀၆၉၀ | အောင်လံ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၁၉) | ဦးဝင်းဝင်း | ၈/မဘန(နိုင်)၀၆၅၁၄၃ | မင်းဘူး | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၀) | ဦးကျော်ကြီး (ခ) အုန်းခင် | ၈/မလန(နိုင်)၀၀၂၁၆၈ | မင်းလှ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၁) | ဦးရဲထွန်းဝင်း | ၈/ပမန(နိုင်)၀၀၂၃၆၈ | ပေါက် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၂) | ဦးမြတ်လေးဦး | ၈/ထလန(နိုင်)၀၀၁၈၉၃ | ထီးလင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၂၃) | ဒေါက်တာတင်အောင် | ၉/မရတ(နိုင်)၀၀၆၄၅၅ | ကျောက်ဆည် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၄) | ဒေါက်တာခိုင်မြဲ | ၉/မရမ(နိုင်)၀၄၆၆၇၄ | ငါန်းဇွန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၅) | ဦးရည်မွန် (ခ) မောင်တင်သစ် | ၉/ပမန(နိုင်)၁၃၁၈၉၅ | ပုဗ္ဗသီရိ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၆) | ဦးကျော်မင်းလှိုင် | ၇/သကန(နိုင်)၀၈၃၃၅၀ | ဥတ္တရသီရိ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **မွန်ပြည်နယ်** | | | | |
| (၂၇) | ဦးနိုင်နွယ်စိုး | ၁၀/မဒန(နိုင်)၀၃၇၆၀၇ | မော်လမြိုင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၈) | ဒေါ်မိကွန်ချမ်း | ၁၀/မလမ(နိုင်)၀၀၆၀၉၈ | ပေါင် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၂၉) | ဦးတင်ကိုကိုဦး | ၁၀/ဘလန(နိုင်)၀၅၇၉၅၄ | ဘီးလင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၀) | ဦးစံတင်(ခ)နိုင်စံတင် | ၁၀/ကမရ(နိုင်)၀၁၃၃၂၄ | မုဒုံ | မွန်ညီညွတ်ရေးပါတီ |
| **ရခိုင်ပြည်နယ်** | | | | |
| (၃၁) | ဦးမင်းကြည် | ၅/ကလတ(နိုင်)၀၃၃၈၆၉ | သံတွဲ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၂) | ဦးအောင်မြကျော် | ၁၁/စတန(နိုင်)၀၀၀၅၁၀ | စစ်တွေ | ရခိုင်အမျိုးသားပါတီ |
| (၃၃) | ဦးတင်အောင် | ၁၁/အမန(နိုင်)၀၀၀၅၀၁ | အမ်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | | |
| (၃၄) | ဒေါက်တာသန်းအောင်စိုး | ၉/အမရ(နိုင်)၀၇၂၅၀၃ | ဒဂုံ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၅) | ဦးနေဖူးဗဆွေ | ၁၂/စခန(နိုင်)၀၄၉၆၀၆ | စမ်းချောင်း | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ရှမ်းပြည်နယ်** | | | | |
| (၃၆) | ဦးစိုးမြင့် | ၁၃/ပတယ(နိုင်)၀၀၄၁၀၅ | ပင်းတယ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၇) | ဦးအောင်စိုးမင်း | ၉/မသန(နိုင်)၁၀၉၂၈၇ | ရွာငံ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၃၈) | ဦးစိုင်းဝေါင်းဆိုင်ဟိန်း | ၁၃/မမန(နိုင်)၀၀၁၇၁၄ | မောက်မယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၉) | ဦးစိုင်းအောင်ခင် | ၁၃/လခတ(နိုင်)၀၀၀၈၉၂ | လင်းခေး | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၀) | နန်းရွှေညွန့် | ၁၃/မနန(နိုင်)၀၀၀၀၆၆ | မိုးနဲ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၁) | ဒေါ်ပြုံးကေသီနိုင် | ၁၃/ကလန(နိုင်)၀၀၀၁၄၈ | ကလော | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ဧရာဝတီတိုင်းဒေသကြီး** | | | | |
| (၄၂) | ဦးဇော်မင်းသိန်း | ၁၄/လမန(နိုင်)၀၅၃၀၂၄ | လေးမျက်နှာ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၃) | ဦးအောင်မင်း | ၁၂/မရက(နိုင်)၁၂၀၁၀၇ | ဇလွန် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၄) | ဦးဝေယံအောင် | ၁၄/ပသရ(နိုင်)၁၁၈၆၆၄ | ကန်ကြီးထောင့် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| (၄၅) | ဦးသိန်းရွှေ | ၁၄/ကလန(နိုင်)၀၁၁၉၆၀ | ကျိုက်လတ် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |

(ပုံ) လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၂၅ / ၂၀၂၀ )
၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၁ ရက်)

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၉(ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် –

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| (၁) | ဒေါက်တာမနာမ်တူးဂျာ | ၁/မကန(နိုင်)၁၁၉၂၈၆ | အင်ဂျန်းယန်(၁) | ကချင်ပြည်နယ် ပြည်သူ့ပါတီ |
| (၂) | ဒေါ်မရန်ဂျာဆိုင်းခေါန် | ၁/မကန(နိုင်)၁၀၀၃၃၆ | အင်ဂျန်းယန်(၂) | တစ်သီးပုဂ္ဂလ |
| (၃) | ဦးလောင်ဂျာခါး | ၁/ဆပဘ(နိုင်)၀၀၁၉၃၂ | ဆွမ်ပရာဘွမ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီ |
| (၄) | ဦးအင်ရှန်းဆန်းအောင် | ၁/မကန(နိုင်)၀၇၄၂၉၉ | ဆွမ်ပရာဘွမ်(၂) | ကချင်ပြည်နယ် ပြည်သူ့ပါတီ |
| (၅) | ဦးမင်းမင်း | ၁/မစန(နိုင်)၀၂၃၂၇၄ | မံစီ(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၆) | ဦးအေးမင်း | ၁/မစန(နိုင်)၀၂၉၇၂၁ | မံစီ(၂) | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| **ကယားပြည်နယ်** | | | | |
| (၇) | ဦးမိုင်ကယ် | ၂/ရတန(နိုင်)၀၀၄၅၉၇ | ရှားတော(၁) | ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီ |
| (၈) | ဒေါ်ခင်မာဝင်း | ၂/ရတန(နိုင်)၀၀၀၃၅၇ | ရှားတော(၂) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီ |
| (၉) | ဦးစိုးရယ် | ၂/ဘလခ(နိုင်)၀၀၀၂၈၄ | ဘောလခဲ(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၆) | ဦးထွန်းထွန်းဦး | ၇/ပတတ(နိုင်)၀၇၆၂၅၉ | ပေါင်းတည်(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၇) | ဦးထက်ထက်ဇော် | ၇/သကန(နိုင်)၀၉၉၀၄၂ | သဲကုန်း(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၂၈) | ဒေါ်မေဦးနိုင် | ၇/သကန(နိုင်)၀၉၄၇၉၉ | သဲကုန်း(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **မကွေးတိုင်းဒေသကြီး** | | | | |
| (၂၉) | ဆလိုင်းအောင်ထွန်းမင်း | ၈/သရန(နိုင်)၀၄၆၂၈၃ | ချင်း တိုင်းရင်းသား | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၃၀) | ဒေါ်ငွေငွေလှိုင် | ၈/ပခက(နိုင်)၁၃၇၅၅၅ | ပခုက္ကူ(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၃၁) | ဒေါ်ဇင်နီနီဝင်း | ၈/ပခက(နိုင်)၂၂၅၈၆၃ | ပခုက္ကူ(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၃၂) | ဦးဝင်းငွေ | ၈/မမန(နိုင်)၀၁၃၄၁၆ | မြိုင်(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၃၃) | ဦးတာ | ၈/စလန(နိုင်)၀၀၄၁၀၁ | စလင်း(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၃၄) | ဦးသက်ခိုင် | ၈/စလန(နိုင်)၀၇၀၈၀၉ | စလင်း(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၃၅) | ဦးအောင်ကိုကို(ခ) အောင်အောင် | ၈/တတက(နိုင်)၀၉၈၄၂၈ | တောင်တွင်းကြီး(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၃၆) | ဒေါ်သင်းသင်းဆွေ | ၈/တတက(နိုင်)၁၄၀၀၉၆ | တောင်တွင်းကြီး(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၃၇) | ဦးလှမြင့် | ၈/ရနခ(နိုင်)၀၂၆၃၅၆ | ရေနံချောင်း(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၃၈) | ဦးခင်မောင်ဝင်း | ၈/ရနခ(နိုင်)၀၈၅၅၈၈ | ရေနံချောင်း(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၃၉) | ဦးကျော်ငွေ | ၈/မကန(နိုင်)၁၁၂၅၂၅ | မကွေး(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၄၀) | ဒေါ်ခင်ချိုလတ် | ၈/မကန(နိုင်)၀၀၆၁၄၁ | မကွေး(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၄၁) | ဦးသောင်းရွှေ | ၈/နမန(နိုင်)၁၂၀၆၉၀ | နတ်မောက်(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၄၂) | ဒေါက်တာခင်မောင်အေး | ၈/နမန(နိုင်)၀၀၂၃၆၉ | နတ်မောက်(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၄၃) | ဦးဇော်မင်း | ၈/ထလန(နိုင်)၀၁၉၄၄၀ | ထီးလင်း(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၄၄) | ဒေါ်ယဉ်ယဉ်အောင် | ၈/ထလန(နိုင်)၀၀၀၃၇၇ | ထီးလင်း(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၄၅) | ဦးလှိုင်မြင့်သန်း | ၈/မလန(နိုင်)၀၁၉၇၀၁ | မင်းလှ(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၄၆) | ဒေါက်တာရဲထွန်းဇော် | ၇/ပခန(နိုင်)၂၂၇၀၈၃ | မင်းလှ(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၄၇) | ဒေါ်စောအေးမွန် | ၈/ခမန(နိုင်)၀၅၉၉၆၂ | ချောက်(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၄၈) | ဦးသန်းတင် | ၈/ခမန(နိုင်)၂၀၈၂၈၄ | ချောက်(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၄၉) | ဦးကျော်မွေး | ၈/ရစက(နိုင်)၀၉၆၁၁၁ | ရေစကြို(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၅၀) | ဦးမင်းဟန် | ၅/မမန(နိုင်)၀၃၂၈၄၇ | ရေစကြို(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၅၁) | ဦးမင်းအောင် | ၉/မသန(နိုင်)၀၅၆၂၅၄ | မြစ်သား(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၅၂) | ဦးဗိုလ်မြင့် | ၉/မသန(နိုင်)၀၂၃၅၃၉ | မြစ်သား(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **မွန်ပြည်နယ်** | | | | |
| (၅၃) | ဒေါ်ခိုင်ခိုင်လဲ့ | ၁၂/စခန(နိုင်)၀၅၆၁၈၈ | သထုံ(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၅၄) | ဒေါ်မာမာခိုင် | ၁၀/သထန(နိုင်)၀၁၁၀၅၈ | သထုံ(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၅၅) | ဦးခင်စိုး(ခ) နိုင်ခင်စိုး | ၁၀/မဒန(နိုင်)၁၆၂၈၆၃ | ရေး(၁) | မွန်ညီညွတ်ရေးပါတီ |
| (၅၆) | မင်းအောင်ထူး | ၁၀/ရမန(နိုင်)၀၀၆၅၉၈ | ရေး(၂) | မွန်ညီညွတ်ရေးပါတီ |
| **ရခိုင်ပြည်နယ်** | | | | |
| (၅၇) | ဦးစိုးဝင်း | ၁၁/ဂမန(နိုင်)၀၂၄၉၇၆ | ဂွ(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၅၈) | ဦးညီပု | ၁၁/ဂမန(နိုင်)၀၀၆၃၁၁ | ဂွ(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၅၉) | ဦးထွန်းထွန်းဦး | ၁၁/ရဗန(နိုင်)၀၄၃၉၅၉ | ရမ်းဗြဲ(၁) | ရခိုင်အမျိုးသားပါတီ |
| (၆၀) | ဦးအောင်မင်းဆွေ | ၁၁/ရဗန(နိုင်)၀၅၇၈၀၄ | ရမ်းဗြဲ(၂) | ရခိုင်အမျိုးသားပါတီ |
| (၆၁) | ဦးသန်းဝင်း | ၁၃/ကလန(နိုင်)၀၅၀၇၁၈ | မာန်အောင်(၁) | ရခိုင်အမျိုးသားပါတီ |
| (၆၂) | ဒေါ်တင်ရီ(ခ) ဒေါ်မတောင့် | ၁၁/မအန(နိုင်)၀၀၂၄၀၁ | မာန်အောင်(၂) | ရခိုင်အမျိုးသားပါတီ |
| **ရန်ကုန်တိုင်းဒေသကြီး** | | | | |
| (၆၃) | ဦးတင်ဝင်း | ၁၂/ကမရ(နိုင်)၀၃၁၈၁၁ | ကမာရွတ်(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၆၄) | ဦးလင်းနိုင်မြင့် | ၁၂/ကမရ(နိုင်)၀၀၀၁၄၈ | ကမာရွတ်(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၆၅) | ဦးကျော်နန္ဒအောင် | ၁၂/ကမန(နိုင်)၀၀၀၂၈၃ | ကြည့်မြင်တိုင်(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၆၆) | ဦးခင်ဝင်း | ၁၂/ကမတ(နိုင်)၀၁၂၈၆၅ | ကြည့်မြင်တိုင်(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၆၇) | ဦးလှသိန်း | ၁၂/တမန(နိုင်)၀၁၃၈၆၉ | တာမွေ(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၆၈) | ဦးသိန်းမြင့် | ၁၂/တမန(နိုင်)၀၁၃၈၆၇ | တာမွေ(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၆၉) | ဦးခင်မြင့် | ၁၂/ထတပ(နိုင်)၀၂၅၂၄၁ | ထန်းတပင်(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၇၀) | ဦးသန်းတင်ဦး | ၁၂/ထတပ(နိုင်)၀၆၈၂၁၄ | ထန်းတပင်(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၇၁) | ဒေါ်နီနီအောင် | ၁၂/ဗဟန(နိုင်)၀၀၁၃၇၉ | ဗဟန်း(၁) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၇၂) | ဒေါ်ရီရီမြ | ၁၂/ဗဟန(နိုင်)၀၂၇၈၇၈ | ဗဟန်း(၂) | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |

**(ပုံ) လှသိန်း**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## မုန်တိုင်းငယ် လေဖိအားနည်းရပ်ဝန်းအဖြစ် အားလျော့သွား

**နေပြည်တော် နိုဝင်ဘာ ၁၁**

ထူးခြားသည့်အခြေအနေမှာ ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က ဗီယက်နမ် နိုင်ငံပေါ်တွင် ဖြစ်ပေါ်နေသော ကုန်းတွင်းမုန်တိုင်းငယ်သည် လေဖိအားနည်းရပ်ဝန်း အဖြစ် အားလျော့သွားပြီ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ၉-၁၁-၂၀၂၀ မှ ၁၁-၁၁-၂၀၂၀ ရက်နေ့ ည ၈ နာရီအထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အတည်ပြုထုတ်ပြန်သည့် အနိုင်ရပါတီစာရင်း

| စဉ် | အနိုင်ရပါတီ | ပြည်သူ့လွှတ်တော် | အမျိုးသားလွှတ်တော် | တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် | တိုင်းဒေသကြီး/ပြည်နယ် (တိုင်းရင်းသားလူမျိုးများလွှတ်တော်) |
|---|---|---|---|---|---|
| ၁။ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၄၈ ဦး | ၆၁ ဦး | ၂၃၇ ဦး | ၄ ဦး |
| ၂။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅ ဦး | ၃ ဦး | ၁၈ ဦး | - |
| ၃။ | ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ | ၂ ဦး | ၃ ဦး | ၃ ဦး | - |
| ၄။ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | - | - | ၁ ဦး | - |
| ၅။ | ရခိုင်အမျိုးသားပါတီ | ၄ ဦး | ၄ ဦး | ၇ ဦး | - |
| ၆။ | မွန်ညီညွတ်ရေးပါတီ | ၂ ဦး | ၃ ဦး | ၆ ဦး | - |
| ၇။ | ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | - | - | ၁ ဦး | - |
| ၈။ | ရခိုင့်ဦးဆောင်ပါတီ | ၁ ဦး | - | ၂ ဦး | - |
| ၉။ | ဒီမိုကရေစီပါတီသစ်(ကချင်) | - | - | ၁ ဦး | - |
| ၁၀။ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၂ ဦး | - | ၆ ဦး | - |
| ၁၁။ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁ ဦး | - | ၂ ဦး | - |
| ၁၂။ | 'ဝ'အမျိုးသားပါတီ | - | - | ၁ ဦး | - |
| ၁၃။ | တစ်သီးပုဂ္ဂလ | - | - | ၁ ဦး | - |
| | စုစုပေါင်း | ၁၇၅ ဦး | ၇၄ ဦး | ၂၈၆ ဦး | ၄ ဦး |

## လွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူထားကြောင်း အသိပေးကြေညာခြင်း

( ၁၁ - ၁၁ - ၂၀၂၀ )

၁။ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ တံတားဦးမြို့နယ်၊ ကဘို ကျေးရွာအုပ်စု၊ ကဘိုကျေးရွာတွင် နေထိုင်သူ ဦးကျော်စိုးခိုင်သည် ကဘိုကျေးရွာ မဲရုံအမှတ်(၁)၌ တစ်ကြိမ်၊ ကျစွယ်ကျေးရွာ မဲရုံအမှတ်(၁)၌ တစ်ကြိမ်၊ စုစုပေါင်း ဆန္ဒမဲ(၂)ကြိမ် ပေးခဲ့သည်ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန် (အရှေ့ပိုင်း) ခရိုင်၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်တွင် နေထိုင်သူ ဦးကြည်ဇင်သည် အရိုးကုန်းရပ်ကွက် မဲရုံအမှတ်(၅)၌ တစ်ကြိမ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ် (၂၂) ရပ်ကွက်၊ မဲရုံအမှတ်(၈)၌ တစ်ကြိမ်၊ စုစုပေါင်း ဆန္ဒမဲ(၂)ကြိမ် ပေးခဲ့သည်ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၃။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်(မြောက်ပိုင်း)ခရိုင်၊ လှည်းကူးမြို့နယ်တွင် နေထိုင်သူ ဒေါ်ဖြူဖြူဝင်းသည် ဝါးရုံစွန်းကျေးရွာအုပ်စု မဲရုံအမှတ်(၁)၌ တစ်ကြိမ်၊ အင်းတိုင်ကျေးရွာအုပ်စု၊ မဲရုံအမှတ်(၄)၌ တစ်ကြိမ်၊ စုစုပေါင်း ဆန္ဒမဲ(၂)ကြိမ်ပေးခဲ့သည်ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန် (မြောက်ပိုင်း) ခရိုင်၊ ရွှေပြည်သာမြို့နယ်တွင် နေထိုင်သူ ဦးစိုးလွင်သည် အမှတ်(၁၂)ရပ်ကွက် မဲရုံအမှတ်(၅)၌ တစ်ကြိမ်၊ အမှတ်(၅)ရပ်ကွက် မဲရုံ အမှတ်(၃)၌ တစ်ကြိမ်၊ စုစုပေါင်း ဆန္ဒမဲ(၂) ကြိမ်ပေးခဲ့သည်ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၅။ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ ကုက္ကိုကျေးရွာအုပ်စု၊ ဒေါင့်ချောင်းကျေးရွာတွင် နေထိုင်သူ ဦးမြင့်ဝင်းသည် ခနောင်ကျေးရွာ မဲရုံအမှတ်(၂)၌ တစ်ကြိမ်၊ ကညင်ကုန်းကျေးရွာအုပ်စု၊ မလေးကြီးကုန်းကျေးရွာ၊ မဲရုံအမှတ်(၃)၌ တစ်ကြိမ်၊ စုစုပေါင်း ဆန္ဒမဲ (၂) ကြိမ် ပေးခဲ့သည်ကို စစ်ဆေးတွေ့ရှိခဲ့ပါသည်။

၆။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်(မြောက်ပိုင်း)ခရိုင်၊ လှည်းကူးမြို့နယ်၊ ဖောင်ကြီး (အနောက်)ကျေးရွာအုပ်စု မဲရုံအမှတ်(၃)တွင် ဆန္ဒမဲ ပေးခွင့်ပြုခဲ့ခြင်းကို ကျေနပ်မှု မရှိသဖြင့် ဦးထွန်းထွန်းဦး၊ ဦးသီဟအောင်၊ ဒေါ်လွင်မြတ်နိုး (ခ) နိုးနိုးတို့ ဦးဆောင်သော အင်အား (၇၀) ဦးခန့်သည် လှည်းကူးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ရှေ့တွင် မော်တော်ယာဉ် (၅)စီးဖြင့် စီတန်းကြွေးကြော်ခဲ့ကြောင်း သိရှိရပါသည်။

၇။ အထက်ဖော်ပြပါ ဖြစ်စဉ်များကို ကျူးလွန်ခဲ့သည့် ဦးကျော်စိုးခိုင်၊ ဦးကြည်ဇင်၊ ဒေါ်ဖြူဖြူဝင်း၊ ဦးစိုးလွင်၊ ဦးမြင့်ဝင်း၊ ဦးထွန်းထွန်းဦး၊ ဦးသီဟအောင်နှင့် ဒေါ်လွင်မြတ်နိုး(ခ) နိုးနိုးတို့အား သက်ဆိုင်ရာ မြို့နယ်ရဲစခန်းများတွင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ၊ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၁၉ တို့ဖြင့် အမှုဖွင့် အရေးယူ ဆောင်ရွက်ထားကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ဆန္ဒမဲရလဒ်များ ဆက်လက်ထုတ်ပြန်ကြေညာ

**ရန်ကုန် နိုဝင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီးတွင် နိုဝင်ဘာ ၈ ရက်က ကျင်းပပြုလုပ်သည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ဆန္ဒမဲရလဒ်များကို ယနေ့နံနက်ပိုင်းမှ စတင်ကာ ရန်ကုန်မြို့ ရွှေလီလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲရုံး၌ ဆက်လက်ထုတ်ပြန်ကြေညာသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်မြင့်က ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ပြည်သူ့လွှတ်တော်နေရာမှ ဝင်ရောက်အရွေးခံသည့် ကိုယ်စားလှယ်လောင်းများ၏ ဆန္ဒမဲရလဒ်များကို ထုတ်ပြန်ကြေညာသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးကျော်မိုးကြည်က ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်၊ ကမာရွတ်၊ ဆိပ်ကြီး ခနောင်တိုမြို့နယ်တို့မှ ပြည်သူ့လွှတ်တော်နေရာ၊ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁) နှင့် တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၂) နေရာတို့မှ ဝင်ရောက်အရွေးခံသည့် ကိုယ်စားလှယ်လောင်းများ၏ ဆန္ဒမဲရလဒ်များကို ထုတ်ပြန်ကြေညာသည်။

ဆက်လက်၍ ညနေ ၄ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးစန်းမြင့်အောင်က ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်နှင့် ထန်းတပင်မြို့နယ် ပြည်သူ့လွှတ်တော်နေရာတို့မှ ဝင်ရောက်အရွေးခံသည့် ကိုယ်စားလှယ်လောင်းများ၏ ဆန္ဒမဲရလဒ်များကို ထုတ်ပြန်ကြေညာသည်။

ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်မှ ဆန္ဒမဲရလဒ်များကို နိုဝင်ဘာ ၉ ရက်နှင့် ၁၀ရက်တို့တွင် ရန်ကုန်တိုင်းဒေသကြီး လသာ၊ ဗိုလ်တထောင်၊ ကော့မှူး၊ ကိုကိုးကျွန်း၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ ဒေါပုံ၊ ပုဇွန်တောင်၊ စမ်းချောင်း၊ အလုံနှင့်ဒဂုံမြို့နယ်တို့မှ ဝင်ရောက်အရွေးခံသည့် ပြည်သူ့လွှတ်တော်နေရာနှင့် တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁) နှင့် တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၂) နေရာတို့မှ ကိုယ်စားလှယ်လောင်းများ၏ဆန္ဒမဲရလဒ်များကို ထုတ်ပြန်ကြေညာပြီး ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၆၁ သိန်းကျော်ရှိပြီး ကြိုတင်ဆန္ဒမဲပေးသူဦးရေ ရှစ်သိန်းကျော်ရှိကြောင်း၊ ပါတီပေါင်း ၄၂ ပါတီနှင့် တစ်သီးပုဂ္ဂလ ၃၂ ဦးတို့မှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၈၀၁ ဦးက ပြည်သူ့လွှတ်တော် ၄၅ နေရာ၊ အမျိုးသားလွှတ်တော် ၁၂ နေရာ၊ တိုင်းဒေသကြီးလွှတ်တော်နေရာ ၉၀ နှင့် တိုင်းရင်းသား နှစ်နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ထုတ်ပြန်ချက်အရသိရသည်။

**မင်းသစ်(MNA)**

## ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




NLD - ၁၄၈ ဦး = ၃၃.၆၄ %
USDP - ၁၅ ဦး = ၃.၄၁ %
ANP - ၄ ဦး = ၀.၉၁ %

AFP - ၁ ဦး = ၀.၂၃ %
MUP - ၂ ဦး = ၀.၄၅ %
SNLD - ၂ ဦး = ၀.၄၅ %

KSPP - ၁ ဦး = ၀.၂၃ %
KySDP - ၂ ဦး = ၀.၄၅ %
CIP - ၁၄၀ ဦး = ၃၁.၈၂ %
DSPC - ၁၁၀ ဦး = ၂၅.၀၀ %
CNH - ၁၅ ဦး = ၃.၄၁ %

**ရှင်းလင်းချက်။** ။ ရွေးချယ်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ် - ၃၃၀ ဦး
တပ်မတော်သားကိုယ်စားလှယ် - ၁၁၀ ဦး
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း - ၄၄၀ ဦး

---

## ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




NLD - ၆၁ ဦး = ၂၇.၂၃ %
USDP - ၃ ဦး = ၁.၃၄ %
ANP - ၄ ဦး = ၁.၇၉ %

MUP - ၃ ဦး = ၁.၃၄ %
KySDP - ၃ ဦး = ၁.၃၄ %

CIP - ၈၇ ဦး = ၃၈.၈၃ %
DSPC - ၅၆ ဦး = ၂၅ %
CNH - ၇ ဦး = ၃.၁၃ %

**ရှင်းလင်းချက်။** ။ ရွေးချယ်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ် - ၁၆၈ ဦး
တပ်မတော်သားကိုယ်စားလှယ် - ၅၆ ဦး
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း - ၂၂၄ ဦး

**မှတ်ချက်။** ၁၁-၁၁-၂၀၂၀ ရက်နေ့ ည ၈ နာရီအထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်သော ရလဒ်များ ဖြစ်ပါသည်။

**ရှင်းလင်းချက်**

NLD = အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
USDP = ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
ANP = ရခိုင်အမျိုးသားပါတီ
KySDP = ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ
AFP = ရခိုင့်ဦးဆောင်ပါတီ
KSPP = ကချင်ပြည်နယ်ပြည်သူ့ပါတီ
SNLD = ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
MUP = မွန်ညီညွတ်ရေးပါတီ
CIP = ရေတွက်နေဆဲ(Counting in Progress)
DSPC = တပ်မတော်သား ကိုယ်စားလှယ်
CNH = ရွေးကောက်ပွဲမကျင်းပဖြစ်သည့် မဲဆန္ဒနယ်များ
(Constituencies where election was not held)

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် ၃၄ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ် ၂၂ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် ၃၂ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ် ၂၁ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ် ၂၀ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ် ၅၀ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့်
တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
တနင်္သာရီတိုင်းဒေသကြီးမဲဆန္ဒနယ် ၁၀ ခုမှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
ကချင်ပြည်နယ်မဲဆန္ဒနယ် ၈ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




**ရှင်းလင်းချက်**

NLD = အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
USDP = ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
NDP(K) = ဒီမိုကရေစီပါတီသစ် (ကချင်)ပါတီ
SNLD = ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
KSPP = ကချင်ပြည်နယ်ပြည်သူ့ပါတီ
IC = တစ်သီးပုဂ္ဂလ
CIP = ရေတွက်နေဆဲ(Counting in Progress)

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
ကယားပြည်နယ်မဲဆန္ဒနယ် ၁၀ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
ကရင်ပြည်နယ်မဲဆန္ဒနယ် ၄ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
ချင်းပြည်နယ်မဲဆန္ဒနယ် ၁၆ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
ရခိုင်ပြည်နယ်မဲဆန္ဒနယ် ၁၇ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
မွန်ပြည်နယ်မဲဆန္ဒနယ် ၂၀ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့်
တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ
ရှမ်းပြည်နယ်မဲဆန္ဒနယ် ၂၆ ခုမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မဲရရှိမှုအခြေအနေ




မှတ်ချက်။ ၁၁-၁၁-၂၀၂၀ ရက်နေ့ ည ၈ နာရီအထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်သော ရလဒ်များ ဖြစ်ပါသည်။

**ရှင်းလင်းချက်**

| | | |
|---|---|---|
| NLD = အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | CNLD = ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | WNP = "ဝ" အမျိုးသားပါတီ |
| USDP = ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | AFP = ရခိုင့်ဦးဆောင်ပါတီ | SNLD = ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ |
| KySDP = ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ | ANP = ရခိုင်အမျိုးသားပါတီ | SNDP = ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ |
| | MUP = မွန်ညီညွတ်ရေးပါတီ | CIP = ရေတွက်နေဆဲ(Counting in Progress) |

# မဲဆန္ဒရှင်ပြည်သူများသို့ မေတ္တာရပ်ခံခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ရောဂါအန္တရာယ်ကင်းဝေးစွာဖြင့် ကျင်းပပြုလုပ်နိုင်ရေး အလေးထား ဆောင်ရွက်လျက်ရှိပါသည်။

၂။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံပိတ်ပြီးနောက် မဲရုံများနှင့် သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများတွင် ဆန္ဒမဲရေတွက်ခြင်းများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ကြမည်ဖြစ်ပြီး ရလဒ်ပုံစံများကို သက်ဆိုင်ရာ မဲရုံများ၊ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ များတွင် အချိန်နှင့်တစ်ပြေးညီ ကပ်ထားကြေညာပေးသွားမည် ဖြစ်ပါသည်။

၃။ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကလည်း လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခံရသော ပုဂ္ဂိုလ်၏အမည်ကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာပေးသွားမည် ဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း ရွေးကောက်တင်မြှောက်ခံရသော ပုဂ္ဂိုလ်များစာရင်း ကို နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် နေ့စဉ်ထုတ်သတင်းစာ၊ UEC Website နှင့် Facebook စာမျက်နှာတို့မှ ထပ်ဆင့် ထုတ်ပြန်ကြေညာပေးသွားမည် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ရွေးကောက်ပွဲရလဒ်များ ရေတွက်ချိန်တွင် သတ်မှတ်ထားသည့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ လူစုလူဝေးမဖြစ်စေရန်အတွက် မိမိနေအိမ်မှသာ ရွေးကောက်ပွဲရလဒ် များကို စောင့်ကြည့်ရယူခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# Coronavirus Disease 2019 (COVID – 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ အလှူငွေများပေးအပ် လှူဒါန်း



**နေပြည်တော် နိုဝင်ဘာ ၁၁**

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းက ကျင်းပရာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ခံသည်။

ရှေးဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က လှူဒါန်းရသည့်အကြောင်း ရှင်းလင်းပြောကြားရာ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ဆေးဝါးနှင့် ဆေးပစ္စည်းများ လွယ်ကူစွာ ဝယ်ယူရရှိနိုင်စေရေး အတွက် အွန်လိုင်းစနစ်ဖြင့် လျှောက်ထားတင်သွင်းနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်ပမှ လှူဒါန်းပစ္စည်းများ လွယ်ကူလျင်မြန်စွာ ရောက်ရှိနိုင်ရေး အတွက်လည်း ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းများကို ရှေ့တန်းမှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေသော ကျန်းမာရေးဝန်ထမ်းများနှင့် ပရဟိတဝန်ထမ်းများအား တတ်အားသရွေ့ပါဝင်ကူညီသည့်အနေဖြင့် မိမိတို့ဝန်ကြီးဌာနက ဝန်ထမ်းများ၏ လစာငွေများမှ လှူဒါန်းခြင်းဖြစ်ကြောင်း ပြောကြားသည်။

**လစာငွေများမှ လှူဒါန်း**

ထို့နောက် ကမ္ဘောဇဘဏ်နှင့် ရွှေသံလွင် group တို့မှ လှူဒါန်းဖွင့်လှစ်ထားသည့် ကိုဗစ်–၁၉ ကုသရေးဌာန၊ မရမ်းကုန်း (အင်းယားစင်တာ) ၏ ဦးစီးကော်မတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသည့် ရွှေသံလွင်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးကျော်ဝင်းက အင်းယားစင်တာကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ လမ်းညွှန်မှုများနှင့်အညီ ကမ္ဘောဇဘဏ်မှ ငွေကျပ်သိန်း ၁၀၀၀၀ နှင့် ရွှေသံလွင်ကုမ္ပဏီမှ ငွေကျပ်သိန်း ၃၀၀၀ စုစုပေါင်း ငွေကျပ်သိန်းတစ်သောင်း သုံးထောင်ကနဦးမတည်လှူဒါန်း၍ Yangon Convention Center တွင် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အောက်တိုဘာ ၁၀ ရက်မှ စတင်ဖွင့်လှစ်ကာ ကိုဗစ်အတည်ပြုလူနာများကို ပြုစုစောင့်ရှောက်ပေးနေခြင်း ဖြစ်ပါကြောင်း။

Inya Centre Molecular Laboratory (COVID – 19) ကို အင်းယားစင်တာမှ မတည်ရင်းနှီးငွေသိန်းပေါင်း ၅၃၀၀ ကျော်ဖြင့် အင်းယားစင်တာ ပရိဝုဏ်အတွင်း ဆောင်ရွက်ထားပြီး ယခုလှူဒါန်းသည့် WHO နှင့် အမေရိကန်နိုင်ငံ FDA အသိအမှတ်ပြု လက်မှတ်ရရှိထားသော Boimeme RT–PCR (၁၀) လုံးနှင့် ဆက်စပ်ပစ္စည်းများကို အသုံးပြု၍ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ကိုဗစ်–၁၉ ရောဂါကို စစ်ဆေးပေးသွားမည်ဖြစ်ပါကြောင်း၊ ကမ္ဘောဇဘဏ်သည် ဖေဖော်ဝါရီလ ၂၆ ရက်မှ စတင်၍ ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငွေကျပ် ၈၄၀၀၄ သိန်း လှူဒါန်းထားရှိပါကြောင်း၊ ကမ္ဘောဇဘဏ်၊ ရွှေသံလွင်ကုမ္ပဏီနှင့် မိတ်ဖက်ကုမ္ပဏီများသည် ဆက်လက်၍လည်း နိုင်ငံတော်နှင့် ပြည်သူအတွက် လှူဒါန်းသွားရန် စီစဉ်ထားရှိပါကြောင်း ပြောကြားသည်။

**အထူးအရေးကြီး**

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ကိုဗစ် – ၁၉ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရောဂါပိုးစစ်ဆေးမှုအခန်းကဏ္ဍသည် အထူးအရေးကြီးသည့်အတွက် ယခုကဲ့သို့ လှူဒါန်းမှုများကို ကျေးဇူးတင်ရှိပါကြောင်း၊ ကိုဗစ်–၁၉ ကုသရေးဌာန (အင်းယားစင်တာ) ကို တည်ဆောက်နိုင်ခဲ့သည့်အတွက် ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားသူ ပြည်သူများအား ကုသမှုပေးရာတွင် များစွာအထောက်အကူဖြစ်ခဲ့ပါကြောင်း၊ မိမိတို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ပြည်သူများနှင့်အတူ ဌာနဆိုင်ရာများ၊ အုပ်ချုပ်ရေး အာဏာပိုင်များနှင့် လက်တွဲပူးပေါင်းကာ ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြည်သူများအနေဖြင့် ကိုဗစ်–၁၉ ကာကွယ်ရေး စည်းကမ်းများကို ဆက်လက်လိုက်နာ ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း ပြောကြားသည်။

**စည်းကမ်းများကို လိုက်နာကြရန်**

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ လှူဒါန်းမှုများအတွက် ရှေ့တန်းမှ အစွမ်းကုန်ကြိုးပမ်း တာဝန်ထမ်းဆောင်ကာ ကိုဗစ် – ၁၉ လူနာများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနေသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဆေးဝါးနှင့် ဆေးပစ္စည်းများ အချိန်နှင့် တစ်ပြေးညီ ရရှိရန်မှာ အထူးအရေးကြီးပါကြောင်း၊ ထိုသို့ ဆေးဝါးနှင့် ဆေးပစ္စည်းများ အချိန်နှင့်တစ်ပြေးညီ လွယ်ကူလျင်မြန်စွာ ဝယ်ယူရရှိနိုင်ရေး အတွက် မိမိတို့၏ ကိုယ်ပိုင်အရေးကိစ္စသဖွယ် အလေးထားကာ ဆောင်ရွက်ပေးခဲ့သည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအား ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများက မိမိတို့၏ လစာများမှ လှူဒါန်းခြင်းမှာ မွန်မြတ်သော အလှူဖြစ်ပါကြောင်း၊ ကိုဗစ်–၁၉ ကာကွယ် ထိန်းချုပ်ရာတွင် ဓာတ်ခွဲစစ်ဆေးပြီး အတည်ပြုလူနာ ဖော်ထုတ်မှုနှင့် ၎င်းလူနာနှင့် ထိတွေ့ခဲ့သူများအား ရှာဖွေဖော်ထုတ် ဓာတ်ခွဲစစ်ဆေးခြင်းများသည် အရေးကြီးပါကြောင်း၊ ယခုကဲ့သို့ လှူဒါန်းမှုများကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းများ ပိုမိုအောင်မြင်ထိရောက်စေမည်ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမြော်အမြင်ရှိစွာဖြင့် ကိုဗစ် – ၁၉ ကုသရေးဌာန (ဖောင်ကြီး) အပါအဝင် ကုသရေးဌာနများ တည်ဆောက်ရာတွင် ပံ့ပိုးပေးခဲ့မှုများကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နိုင်ငံ၌ ကိုဗစ်–၁၉ ကူးစက်မှု ဒုတိယလှိုင်းနောက်တွင်လည်း ကူးစက်မှုလှိုင်းငယ်များရှိလာနိုင်ပြီး ကူးစက်မှုလှိုင်းများ မကြီးမားစေရန်နှင့် ၎င်းလှိုင်းများ တစ်ခုနှင့်တစ်ခုအကြား အချိန်ကွာခြားမှု ကြာမြင့်စေရန်အတွက် ကိုဗစ် – ၁၉ ကာကွယ်ရေး စည်းကမ်းများကို အလေးထားလိုက်နာကြရန် လိုအပ်ပါကြောင်း၊ စွမ်းရည်ထက်မြက်သည့် ကိုဗစ်–၁၉ ကာကွယ်ဆေး ပေါ်ပေါက်ပြီးနောက်တွင်လည်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ထိုးနှံရန်မှာ ကာကွယ်ဆေးရရှိမှု ပမာဏအပေါ်မူတည်၍ အချိန်ကြာမြင့်နိုင်မည်ဖြစ်ခြင်း၊ ရောဂါပိုး၏ မျိုးဗီဇပြောင်းလဲလာနိုင်ခြင်း၊ ရောဂါလက္ခဏာမပြဘဲ ရောဂါရှိနေနိုင်ခြင်း၊ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် လျင်မြန်စွာ ကူးစက်သည့်ရောဂါဖြစ်ခြင်း စသည့် အချက်များကြောင့် ပြည်သူများအနေဖြင့် ယခုကျင့်သုံးလျက်ရှိသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး နည်းလမ်းများကို မဖြစ်မနေ ဆက်လက်လိုက်နာ ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်ထူးက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ထမ်းများ၏ လှူဒါန်းငွေကျပ်သိန်း ၁၀၀ နှင့် Surgical Mask အခု တစ်သိန်းကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးထံ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် အင်းယားစင်တာမှ တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းထံ Inya Centre Molecular Laboratory (COVID–19) ကိုပေးအပ်လှူဒါန်းခဲ့ပြီး ဓာတ်ခွဲခန်းတွင် အသုံးပြုရန် ငွေကျပ်သိန်း ၅၁၅၀ ခန့် တန်ဖိုးရှိ RT– PCR စက် ၁၀ လုံးနှင့် PCR Test Kit ၁၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၁**

ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး / ပြည်နယ် စာရင်းစစ်ချုပ်များ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ (၁/၂၀၂၀) ကို ယနေ့နံနက်ပိုင်းက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီး/ ပြည်နယ် စာရင်းစစ်ချုပ်ရုံးများနှင့် နေပြည်တော်ကောင်စီ စာရင်းစစ်ရုံးများအားလုံးအနေဖြင့် မိမိတို့နှင့် ပတ်သက်သော ပုဂ္ဂိုလ်အဖွဲ့အစည်းများ၊ ပြည်သူများ၏ ယုံကြည်အားကိုးမှု ရရှိရန်ကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ ယုံကြည်အားထားမှုရရှိရန် ပညာရှင်ကျင့်ဝတ်များ စောင့်ထိန်းကျင့်ကြံရမည်ဖြစ်ကြောင်း၊ ရိုးသားဖြောင့်မတ်သမာဓိရှိမှု၊ အရည်အချင်းပြည့်စုံမှု၊ လုံ့လဝီရိယနှင့် သတိသမ္ပဇဉ်ရှိမှု၊ လျှို့ဝှက်မှုဆိုင်ရာ ထိန်းသိမ်းဆောင်ရွက်မှု၊ ပြည်သူ့အကျိုးစီးပွား ဦးထိပ်တင်ဆောင်ရွက်မှုတို့နှင့်အညီ ဆောင်ရွက်ပါက ပြည်သူများ၏ ယုံကြည်အားထားမှု ရရှိမည်ဖြစ်ကြောင်း၊ နိုင်ငံတကာ စာရင်းစစ်ချုပ်ရုံးများက လိုက်နာရမည့် စံများ ISSAIs အရ စာရင်းစစ်ချုပ်ရုံးများသည် စစ်ဆေးခံအဖွဲ့မှလွတ်လပ်စွာရှိ၍ ဘက်လိုက်မှုကင်းပြီး ကိုယ်ကျိုးစီးပွား ဝိရောဓိကင်းစွာ ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ကျန်းမာပြီး ကိုယ်ခံအားကောင်းရန် လိုအပ်ကြောင်း၊ အထူးသဖြင့် ယခုကဲ့သို့ ကိုဗစ်ရောဂါဖြစ်ပွားကျရောက်နေချိန်တွင် ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဆိုသည့်အချက်လေးခုအပြင် မိမိနေအိမ်တွင် ရှိရန်၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊ လုပ်ငန်းဆောင်ရွက်ရန် အပြင်ထွက်စဉ် နှာခေါင်းစည်းတပ်ဆင်ရန်၊ လက်အိတ်စွပ်ရန်၊ မကြာခဏ လက်ဆေးကြောသန့်စင်ရန်၊ တစ်ရပ်တစ်ကျေးမသွားရန်တို့ကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းခွင်သို့သွားရက်၊ နားရက်များလည်း သတ်မှတ်ထားရှိသဖြင့် နားရက်များတွင် မိမိအတွက်၊ လုပ်ငန်းခွင်အတွက် အကျိုးရှိစေမည့်ကိစ္စများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

စစ်ဆေးရေးလုပ်ငန်းတွင် Financial Audit (FA), Compliance Audit (CA), Performance Audit (PA)တို့ ဆောင်ရွက်ရာ၌ ကိုဗစ်ကာလအတွင်း ရငွေများ၊ သုံးစွဲငွေများ၊ အန္တရာယ်သက်သာစေရေး၊ စားဝတ်နေရေးထောက်ပံ့ပေးငွေ၊ စီးပွားရေးကျဆင်းမှု သက်သာရန်ချေးငွေ၊ ထောက်ပံ့လျှော့ပေးမှုဆိုင်ရာ သုံးငွေများစစ်ဆေးရန်ပါ တိုးမြှင့်လာသည့်အတွက် စိန်ခေါ်မှုများကို အောင်မြင်စွာရင်ဆိုင်ရမည် ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ အသိပညာအမြော်အမြင်ထားရှိ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့သော လုပ်ငန်းညှိနှိုင်းအစည်းအဝေးအောင်မြင်ရေး အချိန်သတ်မှတ်ချက်အတွင်း ပြီးဆုံးနိုင်ရန်၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ တင်ပြချက်များ အဓိကသာမညခွဲခြားပြီး ထိထိရောက်ရောက် အချင်းချင်းတင်ပြဆွေးနွေးချက်များ အာရုံစိုက်ရန်၊ အထူးသဖြင့် မှတ်သားဖွယ်အသိပညာ ဗဟုသုတ ဖြန့်ဝေမှုများမှ နည်းနာပညာများ ရယူရန် တိုက်တွန်းကြောင်း၊ လုပ်ငန်းဆောင်ရွက်မှု ကိစ္စရပ်အားလုံးအတွက် သတိရှိစွာဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ ပြည်နယ်စာရင်းစစ်ချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဆွေးနွေးတင်ပြကြသည်။

လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ တိုင်းဒေသကြီး/ ပြည်နယ် စာရင်းစစ်ချုပ်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး အစည်းအဝေးကို နိုဝင်ဘာ ၁၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**





# ကိုဗစ်-၁၉ ကာကွယ်ဆေး ပေါ်ပေါက်ရရှိပါက စနစ်တကျထိုးနှံပေးနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှု ဗဟိုအဆင့်အစည်းအဝေး ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၁**

ကိုဗစ်-၁၉ ကာကွယ်ဆေး ပေါ်ပေါက် ရရှိပါက စနစ်တကျထိုးနှံပေးနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှု ဗဟိုအဆင့် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

**ကာကွယ်ဆေး ထုတ်လုပ်နိုင်ရန် ဆောင်ရွက်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကမ္ဘာ့ နိုင်ငံများတွင် အစွမ်းထက်မြက်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထုတ်လုပ်နိုင်ရန်အတွက် ကမ္ဘာ့နိုင်ငံများနှင့် ကုမ္ပဏီအများအပြားမှ ကြိုးစား ဆောင်ရွက်လျက်ရှိပြီး ယခုအချိန်အထိ မည်သည့် နိုင်ငံ၊ မည်သည့် ဆေးကုမ္ပဏီမှ ထုတ်လုပ်သော ကာကွယ်ဆေးတစ်မျိုးမျိုးတွင်မျှ တတိယအဆင့် လက်တွေ့စမ်းသပ် သုတေသနပြုမှု (phase-3 clinical trial) ကို အလုံးစုံ ပြီးမြောက်ခြင်း မရှိသေးပါကြောင်း၊ ထိုသို့လက်တွေ့စမ်းသပ်သုတေသနပြုမှုများ အောင်မြင်ပြီးစီးပြီး စွမ်းရည်ထက်မြက်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေး ပေါ်ပေါက်လာပါက မိမိတို့နိုင်ငံတွင် ရရှိထိုးနှံနိုင်ရေးအတွက် အစီအစဉ်များ စနစ်တကျ ချမှတ်ထားပါရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က လမ်းညွှန်ထားပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ပေါ်ပေါက်ရရှိပါက စနစ်တကျ ထိုးနှံပေးနိုင်ရေးအတွက် မြန်မာနိုင်ငံ ကိုဗစ်-၁၉ ကာကွယ်ဆေးလုပ်ငန်း ပေါင်းစပ်ညှိနှိုင်း စီမံခန့်ခွဲမှုကော်မတီ (COVAX National Coordinating Committee - CNCC)၊ အမျိုးသားအဆင့် ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့ (National Immunization Technical Advisory Group - NITAG) နှင့် မြန်မာနိုင်ငံ COVID-19 ကာကွယ်ဆေး လုပ်ငန်းအဖွဲ့ (COVAX National Technical Working Group-CTWG) များကို ဖွဲ့စည်းထားပြီး အဆိုပါအဖွဲ့များထံမှ အကြံပြုချက်များရယူကာ စနစ်တကျ ပြင်ဆင်ဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း၊ ဘေးအန္တရာယ်ကင်း၍ လုံခြုံစိတ်ချရကာ အာနိသင်ထက်မြက်ပြီး အရည်အသွေးပြည့်ဝသည့် ကိုဗစ်-၁၉ ကာကွယ်ဆေး ပေါ်ပေါက်လာပါက ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံများက အပြိုင်အဆိုင်ဝယ်ယူကြမည်ဖြစ်ပါကြောင်း။

**လေ့လာဆန်းစစ်ဆောင်ရွက်**

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အရည်အသွေးပြည့်ဝသော ကာကွယ်ဆေးများ ကျယ်ကျယ်ပြန့်ပြန့် ထိုးနှံနိုင်ရေးအတွက် ရန်ပုံငွေများ အဓိကထောက်ပံ့ပေးနေသည့် Gavi, The Vaccine Alliance အဖွဲ့အနေဖြင့် COVAX Facility မှတစ်ဆင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး ရရှိစေရေး ပံ့ပိုးမည့်အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိအနေဖြင့် Gavi, The Vaccine Alliance အဖွဲ့၏ အရှေ့တောင်အာရှဒေသနှင့် အရှေ့ပစိဖိတ်ဒေသဆိုင်ရာ ဘုတ်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်နေပြီး ဘုတ်အဖွဲ့ဝင်များအစည်းအဝေးတွင် မြန်မာနိုင်ငံအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးများ ရရှိနိုင်ရေး အလေးထား ဆွေးနွေးထားပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးရွေးချယ်ရာတွင်လည်း ရောဂါကာကွယ်နိုင်စွမ်းရည်ထက်မြက်မှု၊ အရည်အသွေးပြည့်ဝမှုနှင့် ဘေးအန္တရာယ်ကင်းရှင်းမှုစသည့် အချက်များကို သိပ္ပံနည်းကျ အထောက်အထား ခိုင်လုံမှုရှိစွာဖြင့် လေ့လာဆန်းစစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားနေစဉ် ကာလအတွင်း၌ ကိုဗစ်-၁၉ ဆိုင်ရာ ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ ဓာတ်ခွဲပစ္စည်းများနှင့် ရောဂါကာကွယ်ရေး အသုံးအဆောင်များ စသည်တို့ကို လျင်မြန်လွယ်ကူစွာ ဝယ်ယူရရှိနိုင်ရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့၏ ပံ့ပိုးမှုများဖြင့် ဆောင်ရွက်လျက်ရှိပြီး ကိုဗစ်-၁၉ ကာကွယ်ဆေး ပေါ်ပေါက်လာပြီးနောက် ဝယ်ယူရာတွင်လည်း အဆိုပါ ဝန်ကြီးဌာနများ၏ ပံ့ပိုးကူညီမှုများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**ဦးစားပေးထိုးနှံမည့် အုပ်စုများ**

ကိုဗစ် - ၁၉ ကာကွယ်ဆေး ရရှိလာပါက ရရှိသည့် အရေအတွက် ပမာဏ၊ ကာကွယ်ဆေး၏ ရောဂါကာကွယ်ပေးနိုင်သည့် အချိန်ကာလအတိုင်းအတာ၊ ကာကွယ်ဆေးများ ထားသိုနိုင်ရန်အတွက် အအေးလမ်းကြောင်းစနစ်များ အခြေအနေ၊ လူနာများကို ကိုင်တွယ်ကုသနေရသည့် ကျန်းမာရေးဝန်ထမ်းများကဲ့သို့ ရောဂါကူးစက်နိုင်ခြေ များပြားသူများ၊ အသက်အရွယ်ကြီးပြီး ရောဂါအခံရှိသူများ၊ နေရာဒေသအလိုက် ရောဂါကူးစက်ပျံ့နှံ့မှု အခြေအနေအပါအဝင် အခြေအနေအရပ်ရပ်ကို ဘက်စုံခြုံငုံစဉ်းစားကာ ဦးစားပေးထိုးနှံမည့် အုပ်စုများ သတ်မှတ်မည်ဖြစ်ပြီး ကာကွယ်ဆေးအရေအတွက် ပိုမိုရရှိလာပါက အဆင့်ဆင့်တိုးချဲ့ ထိုးနှံသွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် အာနိသင်မပြည့်ဝသည့် ကာကွယ်ဆေးများ တရားမဝင် လမ်းကြောင်းများမှ ဝင်ရောက်လာနိုင်သည်ဖြစ်သဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) အနေဖြင့် ကြီးကြပ်စစ်ဆေးမှုနှင့် ပြည်သူများထံ အသိပညာပေးမှုများကိုလည်း လုပ်ဆောင်မည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေး ပေါ်ပေါက်လာပြီးပါကလည်း နိုင်ငံတစ်ဝန်းလုံး ကာကွယ်ဆေးထိုးနှံခြင်း လွှမ်းခြုံမှုမှာ ကာကွယ်ဆေးရရှိမှုပမာဏအပေါ်မူတည်၍ အချိန်တိုအတွင်း မပြီးစီးနိုင်သည့်အတွက် ပြည်သူလူထုအနေဖြင့် လက်ရှိရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစည်းကမ်းများကို ဆက်လက်လိုက်နာဆောင်ရွက်နေရမည်ဆိုသည့် အရေးကြီး အချက်ကိုလည်း ပြည်သူများထံ ဆက်လက်၍ အသိပညာပေးမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အမျိုးသားအဆင့် ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့ကို ပိုမိုတိုးချဲ့ဖွဲ့စည်းထားခဲ့ပြီး ပညာရှင်ကြီးများ ထပ်မံထည့်သွင်းကာ ဆက်လက်တိုးချဲ့ဖွဲ့စည်းသွားမည်ဖြစ်ပါကြောင်း၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးဆိုင်ရာ ကိစ္စရပ်များအပါအဝင် ကာကွယ်ဆေးအမျိုးမျိုးဆိုင်ရာ နိုင်ငံတကာလေ့လာတွေ့ရှိချက် အသစ်များကို အမျိုးသားအဆင့် ကာကွယ်ဆေးထိုး လုပ်ငန်းဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့ထံသို့ ပေးပို့ကြရမည် ဖြစ်ပါကြောင်း၊ ကာကွယ်ဆေးထိုးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် အသုံးချသုတေသနများကိုလည်း မဖြစ်မနေ ပိုမိုလုပ်ဆောင်ကြစေလိုပါကြောင်း၊ ကိုဗစ် - ၁၉ ကာကွယ်ဆေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် လက်တွေ့ဆောင်ရွက်နိုင်မည့် အကြံပြုချက်များကို ရယူရန်အတွက် ယနေ့အစည်းအဝေးကို ပြုလုပ်ရခြင်းဖြစ်ပြီး တက်ရောက်လာကြသည့် ပညာရှင်ကြီးများအနေဖြင့် ပွင့်လင်းစွာဆွေးနွေးပြောကြားစေလိုပါကြောင်း ပြောကြားသည်။

**စနစ်တကျ ထိုးနှံပေးနိုင်ရေး**

ထို့နောက် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်မှ ညွှန်ကြားရေးမှူး ဒေါက်တာထားထားလင်းနှင့် တာဝန်ရှိသူများက ကိုဗစ် - ၁၉ ကာကွယ်ဆေး ပေါ်ပေါက်ရရှိပါက စနစ်တကျ ထိုးနှံပေးနိုင်ရေးအတွက် အစီအစဉ်များ COVAX Facility ၏ COVID-19 ကာကွယ်ဆေးပေါ်ပေါက်လာပါက သက်သာသောဈေးနှုန်းဖြင့် အချိုးကျဝယ်ယူနိုင်မည့် နိုင်ငံများတွင် မြန်မာနိုင်ငံအကျုံးဝင်ပါဝင်မှု၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကြံပြုချက်များ၊ ဝန်ကြီးဌာန၏ ကာကွယ်ဆေး သိုလှောင်ထိန်းသိမ်းမှု အအေးလမ်းကြောင်းစနစ်များအခြေအနေ၊ ကာကွယ်ဆေးထိုးနှံပေးမည့်သူများအား မွမ်းမံသင်တန်းပြုလုပ်မည့် အစီအစဉ်၊ နည်းပညာပိုင်းဆိုင်ရာ၊ ဘဏ္ဍာငွေစီမံခန့်ခွဲမှုဆိုင်ရာ၊ ကာကွယ်ဆေးအရည်အသွေးဆန်းစစ်မှုဆိုင်ရာ၊ အလှူရှင်များနှင့် ချိတ်ဆက်ခြင်းဆိုင်ရာ၊ စီမံခန့်ခွဲမှုနှင့် သတင်းအချက်အလက်ဆိုင်ရာ၊ ကာကွယ်ဆေးပံ့ပိုး ဖြန့်ဝေမှုဆိုင်ရာ၊ ကပ်ရောဂါဗေဒနှင့် အခြေအနေအရပ်ရပ်ကို ဆန်းစစ်သုံးသပ်ခြင်းဆိုင်ရာနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့ခွဲများကို ဖွဲ့စည်းကာ ဆွေးနွေးမှုများ ပြုလုပ်ထားရှိမှုနှင့် အဆိုပါ ဆွေးနွေးမှုများမှ ထွက်ပေါ်ခဲ့သော အကြံပြုချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ အမျိုးသားအဆင့် ကာကွယ်ဆေးထိုး လုပ်ငန်းဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကမ္ဘာတစ်ဝန်းတွင် သုတေသနပြုနေသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးအမျိုးအစားအလိုက် အောင်မြင်မှု အတိုင်းအတာအခြေအနေများ၊ ပုဂ္ဂလိက ကဏ္ဍအနေဖြင့်လည်း အရည်အသွေးပြည့်ဝသည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဝယ်ယူနိုင်ရေးအတွက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ အခြားသော ကာကွယ်ဆေးများကို မြန်မာနိုင်ငံတွင် စနစ်တကျထိုးနှံခဲ့သည့် အတွေ့အကြုံများကိုအခြေခံ၍ ကိုဗစ်-၁၉ ကာကွယ်ဆေးအတွက် ဆန်းစစ်သုံးသပ်ချက်များ၊ ကာကွယ်ဆေးထိုးလုပ်ငန်းနှင့်ပတ်သက်၍ သုတေသနများ ပိုမိုပြုလုပ်သွားနိုင်ရေး အကြံပြုချက်များကို အကြံပြုဆွေးနွေးခဲ့ကြသည်။

**လမ်းပြမြေပုံကို ရေးဆွဲသွားမည်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ အကြံပေးဆွေးနွေးမှုများကို အလေးအနက်ထားသုံးသပ်ကာ ထိုမှတစ်ဆင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံရေးဆိုင်ရာ လမ်းပြမြေပုံကို ရေးဆွဲသွားမည်ဖြစ်ပါကြောင်း၊ ကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့ခွဲများအနေဖြင့် သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက် အသေးစိတ်ဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်ခြင်း၊ မြန်မာနိုင်ငံ ကိုဗစ်-၁၉ ကာကွယ်ဆေးလုပ်ငန်း ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲမှုကော်မတီ၊ အမျိုးသားအဆင့် ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့နှင့် မြန်မာနိုင်ငံ ကိုဗစ်-၁၉ ကာကွယ်ဆေး လုပ်ငန်းအဖွဲ့တို့ထံ တင်ပြဆောင်ရွက်ခြင်းကို လုပ်ဆောင်ရမည် ဖြစ်ပါကြောင်း၊ အမျိုးသားအဆင့် ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့နှင့် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းမှ တာဝန်ရှိသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးဆိုင်ရာ တိုးတက်မှုအခြေအနေများကို မျက်ခြည်မပြတ်လေ့လာကာ ဝန်ကြီးဌာနထံသို့ အကြံပြုတင်ပြခြင်းကို ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ စွမ်းရည်ထက်မြက်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးပေါ်ပေါက်ပြီး နောက်တွင်လည်း တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ထိုးနှံရန်မှာ ကာကွယ်ဆေးရရှိမှုပမာဏအပေါ်မူတည်၍ အချိန်ကြာမြင့်နိုင်မည်ဖြစ်ခြင်း၊ ရောဂါပိုး၏ မျိုးဗီဇပြောင်းလဲလာနိုင်ခြင်း၊ ရောဂါလက္ခဏာမပြဘဲ ရောဂါရှိနေနိုင်ခြင်း၊ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် လျင်မြန်စွာ ကူးစက်သည့်ရောဂါဖြစ်ခြင်း စသည့် အချက်များကြောင့် ပြည်သူများအနေဖြင့် ယခုကျင့်သုံးလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး နည်းလမ်းများကို မဖြစ်မနေ ဆက်လက်လိုက်နာ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

---

## တောင်သူလယ်သမားဦးကြီးများသို့ အသိပေးကြေညာချက်

၁။ တောင်သူလယ်သမားဦးကြီးများ၏ စိုက်ပျိုးစရိတ်လိုအပ်ချက်ကို ပံ့ပိုးဖြည့်ဆည်းနိုင်ရန် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် လုပ်ကွက်ငယ်တောင်သူလယ်သမားများသို့ စိုက်ပျိုးစရိတ်ချေးငွေများ နှစ်စဉ်ထုတ်ချေးပေးလျက်ရှိပါသည်။ သီးနှံအမျိုးအစားအလိုက် စပါးစိုက်ဧက ၁ ဧကလျှင် ကျပ် ၁၅၀၀၀၀ နှုန်း၊ အခြားသီးနှံများနှင့် ချက်ကြံကို ၁ ဧကလျှင် ကျပ် ၁၀၀၀၀၀ နှုန်းဖြင့် တောင်သူတစ်ဦးချင်းက ၎င်းတို့ပိုင်ဆိုင်သော လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) မူရင်းကို ဘဏ်သို့ အပေါင်အဖြစ်ပေးအပ်ပြီး တောင်သူတစ်ဦးချင်းကိုယ်တိုင်အာမခံသောစနစ်ဖြင့် ထုတ်ချေးလျက်ရှိပါသည်။

၂။ ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ်အတွင်း ထုတ်ချေးသည့်ချေးငွေအပေါ် အတိုးနှုန်းအား တစ်နှစ်လျှင် ၅ ရာခိုင်နှုန်းဖြင့် သတ်မှတ်ကောက်ခံသွားမည်ဖြစ်ပါသည်။

၃။ ရာသီအလိုက် စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးမည့်ကာလနှင့် ပြန်လည်ပေးဆပ်ရမည့်ကာလမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ချေးမည့်ကာလ | ပြန်ဆပ်ရမည့်ကာလ |
|---|---|---|---|
| (က) | ဆောင်းချေးငွေ | ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ဒုတိယပတ်မှ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလကုန်အထိ | ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၁၅ ရက်နေ့နောက်ဆုံး |
| (ခ) | မိုးကြိုချေးငွေ | ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလဆန်းမှ မတ်လကုန်ထိ | ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလကုန် နောက်ဆုံး |
| (ဂ) | မိုးချေးငွေ | ၂၀၂၁ ခုနှစ်၊ မေလဆန်းမှ စက်တင်ဘာလကုန်ထိ | ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့ နောက်ဆုံး |

၄။ သို့ဖြစ်ပါ၍ ၂၀၂၀ ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလဒုတိယပတ်မှ စတင်ထုတ်ချေးမည်ဖြစ်ရာ တောင်သူလယ်သမားများအနေဖြင့် ချေးငွေအဆိုပြုလွှာများကို အချိန်မီတင်ပြနိုင်ရေးအတွက် မိမိတို့ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် ချေးငွေစိစစ်ရေးအဖွဲ့များ၊ သက်ဆိုင်ရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ခရိုင်/မြို့နယ်ဘဏ်ခွဲများနှင့် ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၂၁၂ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၁-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၀-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၁-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၅,၅၃၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၂၁၂) ဦး** တွေ့ရှိရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၁၁-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၆၂၉) ခု | (၂၄၇) ဦး |
| ဆေးသုတေသနဦးစီးဌာန (DMR) | (၇၆၂) ခု | (၄၉) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၄၄၉) ခု | (၁၀) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၄၆၂) ခု | (၁၀) ဦး |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၁၄) ခု | (၂၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၁၆) ခု | - |
| စစ်တွေမြို့ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၂) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂၄၉) ခု | (၃၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၂၀၄) ခု | (၃၉၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၀,၂၃၇) ခု | (၄၄၅) ဦး |
| **စုစုပေါင်း** | **(၁၅,၅၃၄) ခု** | **(၁,၂၁၂) ဦး** |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

**မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**

**(၁၁-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၅,၅၃၄) ဦး | (၈၃၆,၆၉၇) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၂၁၂) ဦး | (၆၄,၄၅၃) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၁၂၁) ဦး | (၄၈,၅၃၂) ဦး |
| သေဆုံးလူနာ | (၁၉) ဦး | (၁,၄၈၀) ဦး |

- ယနေ့ **သေဆုံးသူ (၁၉) ဦး** အနက် ရောဂါအခံရှိသူ (၁၅) ဦးပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID-19 ရောဂါ ကုသရေး ဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၁၂၁) ဦးတွင်-
  - ပြည်သူ့ဆေးရုံများ - (၂၉၅) ဦး
  - COVID-19 ရောဂါ ကုသရေးဌာနများ (ရန်ကုန်မြို့) - (၈၂၆) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာ နေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၆၈၇)ဦးတွင်-
  - Hotel Quarantine - (၁၃၄) ဦး
  - Facility Quarantine - (၃၇၄) ဦး
  - Community Based Facility Quarantine - (၁၀၅၇) ဦး
  - Anosmia Center - (၁၂၂) ဦး

  ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာ ဆက်လက်ကန့်သတ်ထားရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ၁၁-၁၁- ၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၀၅၆၈၇၁၄ | ၆၆၀၂၅၁၇ | ၂၄၅၉၄၃ |
| ၂။ | အိန္ဒိယ | ၈၆၃၆၀၁၁ | ၈၀၁၃၇၈၃ | ၁၂၇၆၁၅ |
| ၃။ | ဘရာဇီး | ၅၇၀၁၂၈၃ | ၅၀၆၄၃၄၄ | ၁၆၂၈၄၂ |
| ၄။ | ရုရှား | ၁၈၃၆၉၆၀ | ၁၃၆၉၃၅၇ | ၃၁၅၉၃ |
| ၅။ | ပြင်သစ် | ၁၈၂၉၆၅၉ | ၁၃၁၉၂၀ | ၄၂၂၀၇ |
| ၆။ | စပိန် | ၁၄၄၃၉၉၇ | စိစစ်ဆဲ | ၃၉၇၅၆ |
| ၇။ | အာဂျင်တီးနား | ၁၂၆၂၄၇၆ | ၁၀၈၁၈၉၇ | ၃၄၁၈၃ |
| ၈။ | ဗြိတိန် | ၁၂၃၃၇၇၅ | စိစစ်ဆဲ | ၄၉၇၇၀ |
| ၉။ | ကိုလံဘီယာ | ၁၁၅၆၆၇၅ | ၁၀၅၉၂၃၇ | ၃၃၁၄၈ |
| ၁၀။ | အီတလီ | ၉၉၅၄၆၃ | ၃၆၃၀၂၃ | ၄၂၃၃၀ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၁- ၁၁ - ၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၄၈၁၁၈ | ၃၇၈၉၈၂ | ၁၄၈၃၆ |
| ဖိလစ်ပိုင် | ၄၀၁၄၁၆ | ၃၆၂၂၁၇ | ၇၇၁၀ |
| မြန်မာ | ၆၄၄၅၃ | ၄၈၅၃၂ | ၁၄၈၀ |
| စင်ကာပူ | ၅၈၀၉၁ | ၅၇၉၈၅ | ၂၈ |
| မလေးရှား | ၄၂၈၇၂ | ၃၁၀၇၃ | ၃၀၂ |
| ထိုင်း | ၃၈၄၇ | ၃၆၈၅ | ၆၀ |
| ဗီယက်နမ် | ၁၂၂၆ | ၁၀၈၇ | ၃၅ |
| ကမ္ဘောဒီးယား | ၃၀၁ | ၂၈၈ | ၀ |
| ဘရူနိုင်း | ၁၄၈ | ၁၄၅ | ၃ |
| လာအို | ၂၄ | ၂၃ | ၀ |

## နမ္မတူမြို့နယ်ရှိ ကျန်းမာရေးစစ်ဆေးရေးဂိတ်၌ ကျန်းမာရေးသုံးပစ္စည်းများ လှူဒါန်း

**နမ္မတူ နိုဝင်ဘာ ၁၁**

ကရုဏာလူမှုစည်းလုံးညီညွတ်ရေး အသင်း (လားရှိုး) မှ နမ္မတူမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေး ကျန်းမာရေးစစ်ဆေးရေး ဂိတ်သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး အထောက်အကူပြု ကျန်းမာရေးသုံးပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းကို နိုဝင်ဘာ ၁၁ ရက် ညနေ ၅ နာရီခွဲခန့်က ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် နမ္မတူမြို့နယ်ရှိ အဆိုပါဂိတ်၌ ဆောင်ရွက်သည်။

ထိုသို့ ကျန်းမာရေးသုံးပစ္စည်းများ လှူဒါန်းရာတွင် ကရုဏာလူမှုစည်းလုံးညီညွတ်ရေးအသင်း (လားရှိုး) ကိုယ်စား မိတ်ဆွေကောင်း လူမှုကူညီရေးအသင်းမှ ဦးအောင်ဆန်းမြင့်က နမ္မတူမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေး ကျန်းမာရေး စစ်ဆေးရေး ဂိတ်သို့ ပါးစပ်နှင့် နှာခေါင်းစည်း အခု ၅၀ ပါ ဘူး ၂၅၀၊ လက်အိတ် အစုံ ၁၀၀ ပါ ၁၀ ဘူး၊ ရေမလိုလက်သန့်ဆေးရည် ၅၀၀ မီလီ ဘူး ၄၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

လူမော် (ပြန်/ဆက်)

## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

**နေပြည်တော် နိုဝင်ဘာ ၁၁**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID - 19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီ မှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။ **သတင်းစဉ်**

# ရာပြည့်ကံ့ကော်မြိုင်နှင့် တွေ့ဆုံခြင်း

## ကိုနေ(မြန်မာစာ)

"ရန်ကုန်တက္ကသိုလ် ကံ့ကော်မြိုင်အငြိမ့် အနုပညာအင်အားများနဲ့ ဖျော်ဖြေကန်တော့ ပန်ဆင် အလင်္ကာတေးတစ်ပုဒ် ရွေးထုတ်ကာစီစဉ် ထောင့်ကိုးရာ နှစ်ဆယ်မှာ စတင်ပေါ်ခဲ့ပြီ... အလိမ္မာ စာမှာအရှိမို့ ပြောပါရစေအတည် သမိုင်းကြောင်းအထောက်အထား အမြောက်အမြားရှိခဲ့ပြီ ထူးချွန်ထက်မြက်လှတဲ့ နိုင်ငံ့သားကောင်းများစွာပေါ်ခဲ့ပြီ . . ."

"နှစ်ထောင့်နှစ်ဆယ်မှာ နှစ်တစ်ရာပြည့်ခဲ့ပြီ ရန်ကုန်တက္ကသိုလ်သည် အဓိပတိလမ်းနဲ့ အင်းလျားကန်ကြီးသည် သစ်ပုပ်ပင်နဲ့ ပဏာတင့်လေသည် နှစ်ထောင့် နှစ်ဆယ် နှစ်ပေါင်း (၁၀၀) ပြည့်ခဲ့လေပြီ...မြန်မာတစ်နိုင်ငံလုံး အကြီးဆုံးတက္ကသိုလ်ကြီး လှပခံ့ညားဝင့်ကြွားခဲ့လေပြီ"

"ဗိုလ်တေဇခေါ် ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဂန္ထဝင် သူရဲကောင်းတွေ ထွက်ပေါ်ခဲ့သည်"

"ကံ့ကော်မြိုင်အငြိမ့်အဖွဲ့ကြီးနဲ့ ရှင်းရှင်းသန့် ကျွန်မနာမည်"

"ကျောင်းသားကျောင်းသူများနဲ့ တက္ကသိုလ်ရာပြည့်ပွဲမှာ အတည်"

"မိုးထိညံ့အောင်လံဝင့်လို့ ကံ့ကော်မြိုင်အငြိမ့်စေတနာတူတူညီ"

သီချင်းလေးသည်ကား ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် နှစ်ပေါင်း ၁၀၀ ပြည့်မြောက်မည့် ရန်ကုန်တက္ကသိုလ်၏ ရာပြည့်သဘင်တက္ကသိုလ်အငြိမ့်အဖွဲ့များ ဂုဏ်ပြုဖျော်ဖြေပွဲတွင် တင်ဆက်ကပြ ဖျော်ဖြေမည့် ရန်ကုန်တက္ကသိုလ် အနုပညာအသင်းကြီး၏ ကံ့ကော်မြိုင်အငြိမ့်အဖွဲ့ခေါင်းဆောင် မင်းသမီးရှင်းရှင်းသန့် ကပြခဲ့သည့် ကံ့ကော်မြိုင်ရဲ့စေတနာ သီချင်းပင်ဖြစ်သည်။

ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းဦးဆောင်၍ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာနီလာအောင်နှင့် ဒုတိယပါမောက္ခချုပ် ဒေါက်တာ သောင်းထိုက်တို့ စီစဉ်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်တက္ကသိုလ် အနုပညာအသင်းဥက္ကဋ္ဌ ကွန်ပျူတာသိပ္ပံဌာန ပါမောက္ခ ဌာနမှူး ဒေါက်တာ စိုးမြမြအေး ကြီးကြပ်၍ ရွှာစား ထက်အာကာက ဖန်တီးရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ထိုကံ့ကော်မြိုင်အငြိမ့်တွင် ပါဝင်ကပြခဲ့သော ရှေ့ထွက်မင်းသမီး မွန်သီရိသော်၊ ခေါင်းဆောင်မင်းသမီး ရှင်းရှင်းသန့်နှင့် လူရွှင်တော်အဖွဲ့ခေါင်းဆောင် ဗန်ဗန်တို့ကို မေးမြန်းထားသည်များကို ရာပြည့်ကံ့ကော်မြိုင်နှင့် တွေ့ဆုံခြင်းအဖြစ် ရေးသားတင်ပြလိုက်ရပါသည်။

ရှေ့ထွက်မင်းသမီး မွန်သီရိသော်က သူ့ရဲ့ကြိုးစားခဲ့ပုံကို– "ရာပြည့်သဘင်အတွက် စီစဉ်တဲ့ ကံ့ကော်မြိုင်အငြိမ့်မှာ ပါဝင်ဖို့အတွက် ရန်ကုန်တက္ကသိုလ်ရဲ့လူရွေးပွဲမှာ အရင်ပါဝင်ခဲ့ရပါတယ်။ ရှေ့ထွက်မင်းသမီးအဖြစ် ပါဝင်ကပြဖို့ ရွေးချယ်ခံရပြီးနောက် အက၊ အဆို၊ အပြောတွေအတွက် ကြိုးစားလေ့ကျင့်ခဲ့ရပါတယ်။ ရာပြည့်သဘင်အတွက် အကအလှ အပြောအဆိုကို မန္တလေးအငြိမ့်မင်းသမီးကြီးတစ်လက်ဖြစ်ခဲ့တဲ့ ရွှေမန်းဒေါ်ကျော့ကျော့မူထံမှာ သင်ယူခဲ့ပါတယ်"ဟု ပြောပြခဲ့သည်။

အငြိမ့်မှာ ရွေးချယ်ကပြလေ့ကျင့်မှုနှင့် ပတ်သက်၍ ယခုလိုပြောပြခဲ့သည်။

"အငြိမ့်ရှေ့ထွက်မင်းသမီးအနေနဲ့ သီချင်းသုံးပုဒ်သီဆိုကပြခွင့်ရတဲ့အတွက် ပထမအပိုဒ်ကို ရန်ကုန်တက္ကသိုလ် ကျောင်းသူ ကံ့ကော်မြိုင်အငြိမ့်မင်းသမီးကြီးများ အစဉ်အဆက်ကပြခဲ့ကြပြီး ဂီတစာဆို မောင်ကြေးမုံရေးစပ်သီကုံးပေးထားတဲ့ ကံ့ကော်မြိုင် အဖွင့် ပဏာမတေးကို ရွေးချယ်ခဲ့ပါတယ်။ ဒုတိယအပိုဒ်ကတော့ ဘူမိဗေဒအငြိမ်းစားပါမောက္ခဆရာကြီး ဒေါက်တာဌေးဝင်းရေးစပ်သီကုံးပေးပါသော ရာပြည့်သဘင်လို့ အမည်ရတဲ့ သီချင်းနဲ့ ရန်ကုန်တက္ကသိုလ်နှစ်တစ်ရာပြည့်ကို ကြိုဆိုကပြခဲ့ပြတယ်။ နောက်ဆုံး တတိယအပိုဒ်ကိုတော့ တက္ကသိုလ်ကျောင်းသူလည်းဖြစ်၊ ဝါသနာရှင် သဘင်သည်လည်းဖြစ်တဲ့ မွန့်အနေနဲ့ လူရွှင်တော်မျက်မှန်လို့အမည်တွင်ခဲ့တဲ့ ဆရာဦးတင်မောင်ဌေးနဲ့ ဆရာကြီး ဒေါက်တာဌေးဝင်းတို့ ပူးပေါင်းရေးစပ်ခဲ့ကြတဲ့ ရွှက်လှပန်းသဘင်သည်ဆိုတဲ့ သီချင်းလေးကို ဆရာ ဆရာမတို့ရဲ့ ရွေးချယ်ပေးမှုနဲ့ကပြခဲ့ပါတယ်"ဟု ပြောပြခဲ့သည်။

ကံ့ကော်မြိုင်အငြိမ့်အပေါ်ထားတဲ့ သူ့ရဲ့မျှော်မှန်းချက်ကိုလည်း– "ရှေ့ထွက်မင်းသမီး တစ်လက်အနေနဲ့ ကပြခဲ့ရပေမယ့် အငြိမ့်သဘင်မိသားစုဘဝကို ခံစားခဲ့ရပါတယ်။ အလုပ်တစ်ခုမှာ ကိုယ်တစ်ယောက် ကောင်းရုံနဲ့ မရတဲ့သင်ခန်းစာတွေကို ရရှိခဲ့ရပါတယ်။ ကံ့ကော်မြိုင်ကို ခေတ်အဆက်ဆက် လက်ဆင့်ကမ်းခဲ့ကြပြီး မွန်တို့အလှည့်မှာ တာဝန်ကျေကျေလုပ်ဆောင်ခွင့်ရခဲ့ပါတယ်။ နောင်အနာဂတ်တွေမှာလည်း ထူးချွန်ပြောင်မြောက်တဲ့ ကံ့ကော်မြိုင် မျိုးဆက်သစ်လေးတွေ များစွာ များစွာ စောင့်မျှော် ကြိုဆိုနေပါ့မယ်"ဟု ပြောကြားခဲ့သည်။

ခေါင်းဆောင် မင်းသမီးရှင်းရှင်းသန့်က ရန်ကုန်တက္ကသိုလ် ရာပြည့်ကံ့ကော်မြိုင်အငြိမ့် ကပြခွင့်ရအောင်အတွက် ကြိုးစားခဲ့ရပုံနှင့် ပတ်သက်၍–

"ပထမ ရာပြည့်အထိမ်းအမှတ် အငြိမ့်ပြိုင်ပွဲလုပ်မယ်ဆိုပြီး ကျောင်းကိုအကြောင်းကြားစာ ရောက်လာပါတယ်။ အဲဒီမှာ တက္ကသိုလ်ကိုယ်စားပြုအဖွဲ့ထွက်ဖို့ ပြိုင်ပွဲလုပ်ပါတယ်။ အဲဒီပြိုင်ပွဲကို ဝင်ပြိုင်ရင်းနဲ့ ပထမရသွားတာပါ။ အကအနေနဲ့ကတော့ သမီးက ၄ နှစ်သမီး အရွယ်ကတည်းက ကခဲ့တာပါ။ လက်ဦးဆရာကတော့ တစ်ခိုင်လုံးရွှေဒေါ်အေးအေးမြင့်ပါ။ နောက်တော့ အကဆရာမ ဒေါ်စမ်းရီ၊ ဒေါ်အေးအေးချို၊ လူရွှင်တော်ဇေဒါရဲ့အမျိုးသမီး၊ အနုပညာအသင်းမှာဆိုရင် မိုးနတ်သူဇာ ဒေါ်သီတာဝင်း၊ ဆရာမဒေါ်မူမူခင်၊ ဆရာမဒေါ်ခင်နှင်းနှင်းကြည်တို့က



ကံ့ကော်မြိုင်အငြိမ့် အဖွဲ့။

သင်ပေးပါတယ်။ ဆိုကရေးတီး ပြိုင်ပွဲတွေမှာလည်း ဝင်ပြိုင်ခဲ့ပြီး ဆုတွေလည်းရခဲ့ပါတယ်။ အခုဒီပွဲအတွက် သင်ကြားပေးတဲ့ ဆရာမကတော့ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်မှ ကထိက ဆရာမဒေါ်ခိုင်သဇင်သင်းပါ။ ဒီပွဲက ကိုဗစ်ကာလအတွင်းမှာလည်း ဖြစ်သွားတာဆိုတော့ အကသင်ကြားရေးကို Online ကနေ virtual စနစ်နဲ့ ဆရာမခိုင်သဇင်သင်းက သင်ကြားပေးပါတယ်"။

ကကြိုးကကွက်များနှင့် သီချင်းရွေးချယ်မှု၊ လေ့ကျင့်မှုတို့နှင့် ပတ်သက်၍–

"ဒီပွဲမှာတော့ ရွှာစား ဦးအောင်ဝမ်းတူး ရေးပေးတဲ့ ကံ့ကော်မြိုင်ရဲ့စေတနာ (အဖွင့်သီချင်း)နဲ့ ကံ့ကော်မြိုင်အသိမ်းသီချင်းရယ်၊ ပြီးတော့ ဝါးလတ်သီချင်းအနေနဲ့ ရန်ကုန်တက္ကသိုလ်အနုပညာအသင်းက ရွှာစားဆရာကြီး ဒေါက်တာဌေးဝင်းရေးပေးတဲ့ လက်ကမ်းကြိုဆို ဒို့တက္ကသိုလ် သီချင်းသုံးပုဒ် တင်ဆက်ထားပါတယ်။ Online ကနေ Virtual စနစ်အနေနဲ့သင်ကြားရတဲ့ အတွေ့အကြုံအသစ်တစ်ခု ရရှိခဲ့ပါတယ်။ ဆရာကြီးတွေရေးပေးတဲ့ သီချင်းအသစ်တွေအကုန်လုံးရဲ့ စာသားတွေအပေါ် ခံစားသက်ဝင်ပြီး အကောင်းဆုံး ကပြခဲ့ပါတယ်။ ရွှာစား ကိုထက်အာကာကလည်း သမီးအက ပေါ်လွင်အောင် အတီးပိုဒ်တွေမှာ ဒိုးဆစ်တီးကွက်တွေ လက်စွမ်းပြတီး ခတ်ပေးထား ပါတယ်။ အဲဒီဒိုးဆစ်အပေါ်ဆရာမ ခိုင်သဇင်သင်းကလည်း သမီးနဲ့လိုက်ဖက်မယ့် ကကွက်တွေ ဖန်တီးပေးခဲ့ပါတယ်။ ဆရာမရဲ့သင်ကြားမှု အောက်မှာ အကောင်းဆုံး ကပြတင်ဆက်ထားပါတယ်"။

ပြက်လုံးများကို ခေါင်းဆောင်မင်းသမီးအနေဖြင့် လူရွှင်တော်များနှင့် ပူးပေါင်းဆောင်ရွက်မှုကိုလည်း ယခုလိုပြောပြသည်။

"အရင်ပွဲတွေတုန်းကဆိုရင်တော့ လူရွှင်တော် မိတ်ဆက်တို့ဘာတို့ကို အရှင်အနေနဲ့ ကပြ တင်ဆက်ခဲ့ပါတယ်။ အခု ဒီတစ်ခေါက်ပွဲမှာတော့ လူရွှင်တော်မိတ်ဆက်ကို အတည်အခန့်အနေနဲ့ လုပ်ထားပါတယ်။ ခေါင်းဆောင်မင်းသမီးနဲ့ အခန့်မိတ်ဆက်ကို လူရွှင်တော် ဦးချစ်ချောရေးသားပေးထားတာပါ။ အဲဒါလေးကတော့ ဒီလိုပါ–

**(ခေါင်းဆောင်မင်းသမီး)** အစ်ကိုတို့ရေ... တက္ကသိုလာ မြကျွန်းသာရဲ့ စဉ်လာကြီးမား ခံ့ညားထည်ဝါ၊ နှစ်တစ်ရာပြည့်တဲ့ပွဲကြီးမှာ ပဏ္ဏာတင်သ ဂါရဝနှင့် ကပြဖျော်ဖြေခွင့်ရတဲ့အတွက် နှစ်သက်ကြည်ရွှင် ကျေးဇူးတင်လို့ မဆုံးပါဘူးရှင်။

**(လူရွှင်တော်)** လိမ္မာလိုက်တာ ညီမလေးရေ ရန်ကုန်တက္ကသိုလ်ဆိုတဲ့ ပညာရိပ်မြုံမှာ ခိုလှုံဝင်နား သင်ကြားခွင့်ရခဲ့ရုံသာမက ကြုံတောင့်ကြုံခဲ ရာပြည့်ပွဲနဲ့ ဆင်နွှဲပိုင်ပိုင် တိုက်ဆိုင်ခဲ့တာဟာလည်း ထူးကဲတဲ့ ကံကြမ္မာပါပဲခင်ဗျာ။

**(ခေါင်းဆောင်မင်းသမီး)** ဟုတ်ကဲ့ပါရှင်၊ ၁၉၂၀ ပြည့်နှစ်မှာ ရန်ကုန်ယူနီဗာစီတီကောလိပ်နဲ့ ဂျပ်ဆင် ခေါ်ယုဒသန်ကောလိပ်ကြီး နှစ်ခုကိုပေါင်းပြီး ရန်ကုန်တက္ကသိုလ်ဆိုတဲ့အမည်နဲ့ ၁၉၂၀ ဒီဇင်ဘာလ ၇ ရက်နေ့မှာ တရားဝင်ဖွင့်လှစ်ခဲ့တာဟာ ယခု ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလမှာ နှစ်တစ်ရာတိတိ ပြည့်ခဲ့ပါပြီရှင်။

**(လူရွှင်တော်)** စာတတ်ပေတတ် ပညာတတ်ကလေးဆိုတော့ သမိုင်းအချက်အလက်တွေနဲ့ ဒေါက်ခနဲ ဒေါက်ခနဲ ပြောနိုင်ပါပေရဲ့ဗျာ။ ဟုတ်ပါတယ်ခင်ဗျာ။

ရန်ကုန်တက္ကသိုလ်ရဲ့ပုံရိပ်သည် မြန်မာ့လွတ်လပ်ရေးသမိုင်းနဲ့အတူ တစ်ထပ်တည်းရှိခဲ့ပါတယ်။

စိန်ပန်းနီနီ၊ သွေးနီနီမှာ၊ တူညီဟစ်ကြွေး၊ တော်လှန်ရေးရဲ့၊ ပုံရိပ်တွေဟာလဲ ရန်ကုန်တက္ကသိုလ်ကြီးမှာ ထင်ဟပ်နေဆဲပါခင်ဗျာ။

**(ခေါင်းဆောင်မင်းသမီး)** မှန်ပါတယ်ရှင်၊ ဒါတင်မကသေးပါဘူး၊ ရန်ကုန်တက္ကသိုလ်မှ မွေးဖွားထွန်းပြောင်နိုင်ငံ့ရှေ့ဆောင်များစွာလည်း ပေါ်ထွန်းခဲ့ပါပြီ။

တိုင်းပြည်အရေး၊ လုပ်အားပေးမယ့် အသိပညာရှင်၊ အတတ်ပညာရှင်များစွာကိုလည်း သေချာအဟုတ် မွေးထုတ်ပေးခဲ့တဲ့ ရန်ကုန်တက္ကသိုလ်ကြီးပါပဲရှင်။

**(လူရွှင်တော်)** ဟုတ်လိုက်လေဗျာ။ ရန်ကုန်တက္ကသိုလ်ဆိုတာ ပညာနယ်မြေပါ။ နိုင်ငံတကာက ပညာတတ်ခေါင်းဆောင်ကြီးများဟာလည်း ဒီတက္ကသိုလ်ကြီးထဲမှာ ကြွရောက်ပြီး ကောင်းချီးမင်္ဂလာခံခဲ့ကြပါတယ်။ စင်ကာပူသမ္မတကြီး လီကွမ်ယူ၊ ဂျာမနီသမ္မတကြီး၊ မွန်ဂိုလီးယားသမ္မတကြီးနဲ့ အမေရိကန်သမ္မတကြီး ဘားရက်အိုဘားမားတို့ဟာ ရန်ကုန်တက္ကသိုလ်ခန်းမကြီးတွေမှာ ကြွရောက်ဂုဏ်ပြု၊ အားပေးမှုတွေလည်း ရှိခဲ့ပါတယ်။

**(မင်းသမီး)** ဒါတင်ဘယ်ကဦးမလဲရှင်၊ ရန်ကုန်တက္ကသိုလ်ကြီးနဲ့ ပတ်သက်တဲ့ ရင်ခုန်သံတွေလည်း အများကြီး ရှိခဲ့ဖူးပါတယ်။ ကဗျာလင်္ကာ၊ စာပေဂီတ၊ ပြဇာတ်ရုပ်ရှင် အသွင်မြောက်မြား၊ ဆောင်းပါးဝတ္ထုအစုစုနဲ့ ရတုဖော်ညွှန်း မော်ကွန်းသမိုင်း ပုံနှိုင်းဖွယ်ရာအဖြာဖြာတို့သည် ရန်ကုန်တက္ကသိုလ်မှာ ထင်ရှားစွာရှိခဲ့ကြပါတယ်ရှင်။

*စာမျက်နှာ ၂၃ သို့*

ဆောင်းပါးရှင်၏ ကိုယ်ရေးအကျဉ်း

- အမည်ရင်း နေလင်းဝေ ဖြစ်သည်။
- ၁၉၇၉ ခုနှစ် မေလ ၂၆ ရက်နေ့တွင် ရန်ကုန်တိုင်း ဒဂုံမြို့နယ်တွင် မွေးဖွားသည်။
- ရန်ကုန်အဝေးသင်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ (မြန်မာစာ) ရရှိခဲ့ပြီး မဟာဝိဇ္ဇာဘွဲ့နှင့် မဟာသုတေသနဘွဲ့ (မြန်မာစာ)ကို ၂၀၀၇ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်များတွင် ရရှိခဲ့သည်။
- ၂၀၀၈ ခုနှစ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် စတင်တာဝန် ထမ်းဆောင်ခဲ့ပြီး ၂၀၁၅ ခုနှစ်၌ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနသို့ နည်းပြအဖြစ် ပြောင်းရွှေ့တာဝန် ထမ်းဆောင်ခဲ့သည်။
- ၂၀၁၉ ခုနှစ်တွင် ရန်ကုန် တက္ကသိုလ်မြန်မာစာဌာန၌ လက်ထောက်ကထိကရာထူးသို့ တိုးမြှင့်ခြင်းခံရသည်။
- ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် ရန်ကုန်တက္ကသိုလ်မှ ပါရဂူဘွဲ့ကို မြန်မာစာအထူးပြုဖြင့် ရရှိခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် အမှတ် (၅၀) ရပ်ကွက်တွင် နေထိုင်လျက်ရှိသည်။





ကံ့ကော်မြိုင်အငြိမ့်အဖွဲ့ လူရွှင်တော်များ။

*စာမျက်နှာ ၂၂ မှ*

**(လူရွှင်တော်)** ဒါပေ့ါ ညီမလေးရေ...ကံ့ကော်ပင်တန်းဒီစခန်းမှာ အလွမ်းနိမိတ် ပန်းအရိပ်နဲ့၊ လွမ်းစိတ်ဝန်းရံ ရင်ခုန်သံတွေလည်း ညံလျက်ရှိနေဆဲပါ။

ထူးချွန်ထွန်းပြောင် ကလောင်စွမ်းအား လွန်ကြီးမားတဲ့ စာပေပညာရှင်ကြီးများ မြောက်မြားစွာ ပေါ်ထွက်ခဲ့ကြတာလဲ ဒီတက္ကသိုလ်ကြီးပါပဲ။

တွံတေးသိန်းတန်ရဲ့ "ချစ်ရက်ရှည်ရှည် အင်းယားမြေ"ဆိုတဲ့ သီချင်းတွေ၊ "မြကျွန်းညိုညို တက္ကသိုလ်"တို့၊ အမေဒေါ်ချိုပြုံးရဲ့ "တက္ကသိုလ်ကျောင်းကငွေလမင်း" တို့၊ ဆရာ ကိုသန်းလှိုင်ရဲ့ "ကံ့ကော်မြိုင်နန်း"၊ ဆရာ ဦးမင်းနောင်ရဲ့ "တက္ကသိုလ်ကျောင်းသူတစ်ဦး" ဆရာကိုမြသိန်းရဲ့ "မြသီလာသို့ အလွမ်းပြေ" အစရှိတဲ့ မြန်မာသံ သီချင်းတွေ၊ စတူဒီယို သီချင်းပေါင်းများစွာဟာ ပြည်သူ့ရင်ကို ဖမ်းစားလှုပ်ခတ် အလွမ်းဇာတ်တွေ ဝေနေဆဲပါ။

**(မင်းသမီး)** ဟုတ်ကဲ့ပါရှင် အဲဒီလို အလွမ်းအဆွေးတော်လှန်ရေးနဲ့ တိုင်းရေးပြည်မှု အစုစုတို့ ပေါင်းစုဝန်းခိုအမိ ရန်ကုန်တက္ကသိုလ်ကြီး နှစ်တစ်ရာပြည့်သော်လည်း အမိတက္ကသိုလ်ကြီး မအိုသေးပါဘူး။ ငယ်သွေးမာန်ကြွသူ့အလှနှင့် တက်ကြွထုဆစ် မျိုးဆက်သစ်တွေ မွေးထုတ်ပေးနေဆဲ အမိတက္ကသိုလ်ကြီးကို သမီးက ဦးချပန်ထွာဝန္ဒနာနဲ့ ဆယ်ဖြာစုံမိုး ရိုကျိုးစွာ ကန်တော့ပန်းဆင်လိုက်ချင်တာကတော့ . . . .

လူရွှင်တော်နဲ့ အပေးအယူမျှမျှ ပူးပေါင်းဆောင်ရွက်မှုကို စကားပုံဖော်ပြောပြခဲ့သည်။

ကံ့ကော်မြိုင်အငြိမ့်အပေါ် မင်းသမီး၏ မျှော်မှန်းချက်နှင့် ပတ်သက်၍–

"ကံ့ကော်မြိုင်အငြိမ့်အပေါ် မျှော်မှန်းချက်ဆိုရင်တော့ မိုးနတ်သူဇာအငြိမ့်လိုမျိုး တက္ကသိုလ်က မွေးထုတ်ပေးလိုက်တဲ့ ပြည်သူချစ်တဲ့ အငြိမ့်အဖွဲ့တစ်ဖွဲ့ဖြစ်ချင်ပါတယ်" ဟု ဖြေကြားပါသည်။

ယင်းနောက် လူရွှင်တော် ဗန်ဗန်ကလည်း အခုလိုမေးသမျှကို ဖြေကြားပေးခဲ့ပါသည်။

ကံ့ကော်မြိုင်အငြိမ့်အဖွဲ့၏ ခေါင်းဆောင် လူရွှင်တော် အနေဖြင့် ကြိုးစားခဲ့ရမှုနှင့် ပတ်သက်၍–

"ကျွန်တော်တို့က ရန်ကုန်တက္ကသိုလ်မှာ ကောလိပ်ချဉ်ဆိုတဲ့အမည်နဲ့ အနုပညာ အင်အားစုလေးတစ်ခု ကျွန်တော်တည်ထောင်ထားပါတယ်။ အဓိကကတော့ အငြိမ့်သဘင်တွေကို တက္ကသိုလ်ပွဲတွေမှာ ဖျော်ဖြေ တင်ဆက်နိုင်ဖို့အတွက်ပါ။ ကိုယ်တိုင်ကလည်း ဝါသနာပါပါတယ်။ ကျွန်တော်တို့က တက္ကသိုလ် ပွဲတွေမှာကပြီးသား အငြိမ့်သဘင်သမားစဉ်နဲ့ ထိတွေ့ပြီးသား ဆိုပေမယ့် ရာပြည့်ကံ့ကော်မြိုင်ဆိုတဲ့ အငြိမ့်ကို ကပြဖျော်ဖြေတင်ဆက်နိုင်ဖို့ တာဝန်ပေးအပ်ခြင်းခံရတဲ့ အချိန်မှာတော့ ကျွန်တော်တို့အနေနဲ့ လုံးဝအကုန်လုံး အစကနေပြန်စပြီး လေ့လာသင်ကြား လေ့ကျင့်ခဲ့ပါတယ်။ လေ၊ သန္ဓေ၊ မျက်နှာ၊ ရှုခံ အစရှိသဖြင့်ပေ့ါ။ ဘာလို့လဲဆိုတော့ ဒါဟာ နှစ် ၁၀၀ မှ တစ်ခါကြုံရတဲ့ ဖျော်ဖြေတင်ဆက်ခွင့်ရတဲ့ပွဲလည်း ဖြစ်တယ်။

"ရန်ကုန်တက္ကသိုလ် ကျောင်းသားဟောင်းတွေသာမကပါဘူး မြန်မာတစ်နိုင်ငံလုံးမှာရှိကြတဲ့ မိဘပြည်သူ ညီအစ်ကိုမောင်နှမတွေပါ ကြည့်ရှုခံစားကြမှာဖြစ်တဲ့အတွက် ကျွန်တော်တို့တက္ကသိုလ်ပွဲတွေမှာ ကခဲ့တဲ့ပွဲတွေထက် ကျွန်တော်တို့အဆပေါင်းများစွာ ကြိုးစားခဲ့ရပါတယ်။ တစ်ဦးတည်းတစ်ယောက်တည်း ကြိုးစားပြီး ကောင်းနေလို့မရပါဘူး။ အဖွဲ့လိုက် စုစုစည်းစည်းနဲ့ ညီအောင် ဇာတ်တိုက် လေ့ကျင့်ကြိုးစားခဲ့ကြပါတယ်။ အစဉ်အလာရှိခဲ့တဲ့ ကံ့ကော်မြိုင်အငြိမ့်ကို နောင်တော်မျိုးဆက်တွေက လက်ဆင့်ကမ်း ထိန်းသိမ်းခဲ့သလို ကျွန်တော်တို့ မျိုးဆက်သစ် ကံ့ကော်မြိုင် စတုတ္ထမျိုးဆက်အနေနဲ့ ရာပြည့်သဘင်မှာ ဂုဏ်ပြုတင်ဆက်ရင်း တာဝန်ကျေချင်တဲ့အတွက် ရှိသမျှအစွမ်းကုန်သုံး ဝီရိယစိုက်ပြီး လေ့ကျင့်ပြင်ဆင်ခဲ့ပါတယ်။

အဓိကကတော့ တက္ကသိုလ်ပွဲပေ့ါ။ တက္ကသိုလ်ပွဲဖြစ်တဲ့အတွက် တက္ကသိုလ်နဲ့ သက်ဆိုင်တဲ့ ပြက်လုံးတွေကို အတတ်နိုင်ဆုံးကြိုးစားပြီး ရွေးထုတ်စဉ်းစားခဲ့ပါတယ်။ ပြက်လုံးစီစဉ်ခဲ့တဲ့ နေရာမှာလည်း ကျွန်တော်ရဲ့ လက်ဦးဆရာ ကံ့ကော်မြိုင်လူရွှင်တော်ကြီး ဆရာဦးလန်ဘား၊ လူရွှင်တော် ဦးချစ်ချော၊ လူရွှင်တော် ကိုပြည်ချစ်တို့ရဲ့ အနီးကပ်သင်ကြားပေးမှုတွေနဲ့ စီစဉ်ခဲ့ပါတယ်။ ပြက်လုံးအဆင့်အတန်းဆိုတာကလည်း အရေးကြီးပါတယ်။ ဒါကြောင့် အောက်လုံးနဲ့ နိုင်ငံရေးနွယ်တဲ့ ပြက်လုံးတွေကို လုံးဝရှောင်ခဲ့ပါတယ်။

ကံ့ကော်မြိုင်အငြိမ့်အပေါ် မျှော်မှန်းချက်နှင့် ပတ်သက်၍–

"ရန်ကုန်တက္ကသိုလ်ရဲ့ ရာပြည့်ပွဲဖြစ်တာနဲ့ အညီ မြန်မာတစ်နိုင်ငံလုံးသာမက တစ်ကမ္ဘာလုံးမှာရှိတဲ့ ရန်ကုန်တက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းတွေရော၊ အငြိမ့်သဘင်ကို ချစ်မြတ်နိုးသူ မိဘပြည်သူပရိသတ်တွေရောပါ အားပေးကြမယ်လို့ မျှော်လင့်မိပါတယ်။ တစ်ဖက်မှာလည်း ကျွန်တော်တို့ဟာ ပညာရှင်မဟုတ်ဘဲ ပညာသင်လူရွှင်တော်တွေဖြစ်တဲ့အတွက် လိုအပ်ချက် အမှားအယွင်းဆိုတာ အနည်းနဲ့အများ ရှိနိုင်ပါတယ်။ ဒါကြောင့် အပြစ်တော်မမြင်ဘဲ အချစ်တော်ဝင်ကာ အားပေးကြဖို့ မေတ္တာရပ်ခံပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်"ဟု ဖြေကြားပေးခဲ့ပါသည်။ ။




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot – line ဖုန်းများဖြစ်သည့် ၀၆၇–၃၄၀၄၆၆၆ နှင့် ၀၆၇–၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၁ – ၁၁ – ၂၀၂၀

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၁၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၃၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၁၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၃၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၉၀/၅၃၅ | ကျပ် | ၅၃၅/၅၄၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၀၀/၅၅၀ | ကျပ် | ၅၅၀/၅၆၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၆၅/၄၉၅ | ကျပ် | ၅၂၅/၅၃၅ | ကျပ် |
| အောက်တိန်း ၉၅ | ၅၉၅/၆၁၀ | ကျပ် | ၆၅၀/၆၈၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၂၉၇ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၂၉ . ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၆၂ . ၂၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၂၂ . ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၂၉ . ၉ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၄၆ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၅ . ၉၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၄၇၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၆ . ၆၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၄ . ၁၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ . ၈၃၅ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၀၀၀ | ၂၁၁၁ | ၂၁၁၁၀၀၀၀ |
| MTSH | ၃၆၅၀ | ၃၇၀၀ | ၃၄၀၆ | ၁၂၄၉၇၁၀၀ |
| MCB | ၈၃၀၀ | ၈၃၀၀ | ၁ | ၈၃၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၂၅၂ | ၅၅၄၄၀၀၀ |
| TMH | ၂၇၀၀ | ၂၈၀၀ | ၂ | ၅၅၀၀ |
| EFR | ၄၁၀၀ | ၄၂၀၀ | ၅၉၂ | ၂၄၇၅၀၀၀ |

ခင်ရတနာ – စုစည်းသည်

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – | ဝင်းကျော် |
| သတင်းထောက်ချုပ် | – | မြင့်ဆွေ |
| စာတည်းများ | – | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | – | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | – | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | – | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မိမိဖြိုး |
| ဓာတ်ပုံသတင်းထောက် | – | တင်စိုး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၀၄၅၊ ဖက်စ် ၀၆၇–၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။

## Invitation to Bid (ITB–MM–STW–2020–02)

The Danish Refugee Council (DRC) has received funding from Donor (DFAT) for the implementation of humanitarian aid in Rakhine State.

DRC is seeking qualified vendors to submit bids for;

ITB–MM–STW–2020–02; Construction of Temporary 8 Unit Short Legged Shelter 35 number at Kyein Ni Pyin IDP Camp, Pauk Taw township, Rakhine State

| | |
|---|---|
| ITB Issuing Date: | 12th November 2020, 1000hrs, |
| Closing date for clarifications: | 22nd November, 1600hrs, |
| ITB Closing Date: | 25th November 2020, 1600hrs, |
| Tender Opening Date and time: | 27th November 2020, 1300hrs, |

For more information on how to obtain the full tender package, please contact the below:

Min Min Tun–Ph– (+95)9250328019, email– min.tun@drc.ngo or Maung Oo Kyaw–Ph– (+95)9421761310, (+95)9421751233, email–maung.kyaw@drc.ngo

The Bidder can obtain the Tender package by both e-mail from the above–named persons or in person from DRC Sittwe Office while observing covid19 prevention measures.

Tender submission should be by two envelope (one for technical and one for financial) and need to be enclosed in a bigger envelope. All Bidders are needed to provide the updated company profile in above said technical envelope.

Tender submission by email is only acceptable to the address of ; tender.mmr@drc.ngo . Submissions to any other email address would render the bid disqualified.

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်း အနောက်ရပ်)၊ မြေကွက်အမှတ်(ဒ–၅၀၂၆–A)၊ မြေဧရိယာ ၀ဒသမ၀၈၂ ဧကရှိ ဦးကျော်တင် (ဘ)ဦးသီး ၉/လဝန(နိုင်)၀၅၇၃၅၀ အမည်ပေါက် (ပါမစ်)မြေကွက်အား ဦးသောင်းလွင် (ဘ) ဦးသန်းမောင် ၉/လဝန(နိုင်)၀၀၈၉၉၀မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ် ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်မှ မြေဧရိယာ ၀ဒသမ၁၁၀ဧကရှိ မြေကွက်အမှတ် ပ–၂၀၁၃၁၊ ဒေါ်တင်မာရီ ၁၂/အစန(နိုင်)၁၀၁၁၃၇ (ဘ)ဦးထွန်းရွှေ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဦးအောင်ပိုင် ၁၂/သလန(နိုင်)၀၇၃၇၁၅ (ဘ)ဦးသိန်းသန်းမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် ၈၀၀/၂၀၂၀ တင်ပြ၍ ဒေါ်ဆောင်းသီတာ ၁၂/သလန(နိုင်) ၀၀၈၄၅၄ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မြစ်ကြီးနားခရိုင်တရားရုံးတော်
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် –၉၅

| | | |
|---|---|---|
| ၁။ ဦးဖော်ယမ်ဂွန်အောင်(ခ)ဂွန်အောင် | **နှင့်** | ၁။ ဒေါ်ဇောင်းနော |
| ၂။ ဒေါ်ခမ်းလော | | ၂။ ဒေါ်ဘောက်ပန် |
| **တရားလိုများ** | | **တရားပြိုင်များ** |

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ ဂျန်မိုင်ကောင်း–မြို့သစ်ကြီးရပ်ကွက်၊ အမှတ်(၅/၁၄၄–ခ)နေ ဒေါ်ဘောက်ပန် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တရားလိုများက ထည့်ဝင်ရှယ်ယာငွေကျပ်သိန်း (၃၀၀)နှင့် ကတိဖောက်ဖျက် နစ်နာငွေကျပ်သိန်း (၁၀၀)၊ စုစုပေါင်းကျပ်သိန်း (၄၀၀) ရလိုမှု လျှောက်ထားချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃ရက် (၁၃၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြု လိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ရန်နိုင်အောင်)**
**ဒုတိယခရိုင်တရားသူကြီး (၂)**
**မြစ်ကြီးနားခရိုင်တရားရုံး**

## ဂရန်မူရင်းပျောက်ဆုံးကြောင်း အများသိစေရန် ကြေညာချက်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ အမှတ်(၃၂)၊ (၈)လမ်း၊ အမှတ်(၄)ရပ်ကွက်နေ (ဘ) ဦးကျင်ဝမ်၏သမီး ဒေါ်ရှုကြည် ၁၄/မမန(နိုင်)၁၄၂၃၃၁မှာ မြောင်းမြမြို့၊ မြကန်သာရပ်ကွက်၊ ဘုရားချောင်းအရှေ့ကွင်း၊ ကွင်းအမှတ်(၂၇၅–ခ)၊ ဦးပိုင်အမှတ်(၄၀)၊ ဧရိယာ ၀ဒသမ၀၅၅ဧက DO V No ၂၁၆ V/၂၀၁၀–၂၀၁၁ အရ (၂၇–၁–၂၀၁၁)မှ (၂၆–၁–၂၀၂၁)အထိ (၁၀) နှစ်ဂရန် အမည်ပေါက်သူ ဦးမောင်မောင်ချိုထံမှ မြေစာရင်းရုံးတွင် မှတ်ပုံတင်၍ စာချုပ်ချုပ်ဆို၍ ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ ဦးမောင်မောင်ချို အမည်ပေါက်ဂရန်စာချုပ်မူရင်းမှာ ဒေါ်ရှုကြည် လက်ထဲမှ ပျောက်ဆုံးသွားကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ကျွန်ုပ်၏အမှုသည်က ဂရန်ပျောက်သက်တမ်းတိုးရန်နှင့် အမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါသည်။ အဆိုပါဂရန်မြေနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ (သို့မဟုတ်) ကန့်ကွက်လိုသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ကြူကြူစန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၆၉၆)**
**အမှတ် (၁၄၅)၊ နီလာလမ်း၊ မြရတနာရပ်ကွက်၊ မြောင်းမြမြို့၊ ဖုန်း–၀၉–၇၉၈၅၅၀၅၁၁**

## အများသိစေရန်အသိပေးကြေညာခြင်း

နေပြည်တော်၊ဇေယျာသီရိမြို့နယ်၊ ရေဆင်းကျေးရွာအုပ်စု၊ ရေဆင်းကျေးရွာရှိ အရှေ့လားသော် ဦးခင်ထွန်း၊ အနောက်လားသော် ဒေါ်ပုလေး၊ တောင်လားသော် ဦးထွန်းမြ၊ မြောက်လားသော် ရွာလမ်းတို့ အနားလေးရပ်အတွင်း အလျား (၈၀)ပေxအနံ(၅၀)ပေ ကျယ်ဝန်းသော အိမ်ဝိုင်းခြံမြေ၏ မူလပိုင်ရှင်ဖြစ်သူ ဦးမောင်ကိုထံမှ အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ခင်ချိုဆက်ထံမှ ထပ်ဆင့်၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အိမ်ဝိုင်းခြံမြေ အပြီးအပိုင် အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ရောင်းကြေးငွေများ ပေးချေထား ပြီးဖြစ်ပါသည်။ အဆိုပါ ခြံမြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် ပတ်သက်၍ အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ကန့်ကွက်မည့်သူများရှိပါက ခိုင်လုံသောအထောက်အထား၊ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း၊ တရားရုံးအမိန့်ဒီကရီများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူတစ်ဦးတစ်ယောက်မျှမရှိပါက ကျွန်ုပ်မိတ်ဆွေမှ အဆိုပါ ဝိုင်းမြေကွက်နှင့် ပတ်သက်၍ ဥပဒေနှင့် အညီ ဆက်လက်၍ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးအောင်နိုင်ဝင်း**
**LL.B, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၃၉၄/၂၀၁၇)**
**အမှတ်(၈/၈၂)၊ ပန်းခင်း(၁)၊ စံပယ်လမ်း၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်**
**ဖုန်း– ၀၉– ၄၀၁၅၃၄၆၆၈၊ ၇၉၇၇၀၄၄၅၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ နှစ်ရှည်သီးနှံဌာနခွဲအတွက် လိုအပ်သော ဓာတ်မြေဩဇာများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| ၂။ | တင်ဒါပုံစံရောင်းချမည့်ရက် | – ၁၆–၁၁–၂၀၂၀ရက် မှ ၁၄–၁၂–၂၀၂၀ရက် အထိ(ရုံးချိန်အတွင်း) |
| ၃။ | တင်ဒါပုံစံရောင်းချမည့်နေရာ | – စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ်(၄၃)၊ နေပြည်တော် |
| ၄။ | တင်ဒါလျှောက်လွှာပိတ်ရက် | – ၁၆–၁၂–၂၀၂၀ရက် ၁၃:၀၀နာရီ |

၅။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန(ထောက်ပံ့ဖြည့်တင်းရေးဌာနခွဲ)၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်၍လည်းကောင်း၊ ဖုန်း– ၀၆၇–၄၁၀၂၁၀နှင့် ၀၆၇–၄၁၀၅၁၈ သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ စိုက်ပျိုးရေးဦးစီးဌာန**

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဝါးတက္ကသိုလ်၊ မန္တလေး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးဝါးတက္ကသိုလ်၊ မန္တလေး၏ (၂၀၂၀–၂၀၂၁) ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် ဆေးဘက်ဆိုင်ရာသင်တန်းသုံးပစ္စည်းများ၊ ရုံးသုံးစက်ပစ္စည်းများ၊ လျှပ်စစ်သုံးစက်ပစ္စည်းများ၊ အရပ်ရပ်သုံးပစ္စည်းများ၊ ရုံးသုံးပရိဘောဂများ၊ ဆေးပညာဂျာနယ်များ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ဓာတ်ဆေးပစ္စည်းများ ဝယ်ယူရန်နှင့် E-Government လုပ်ငန်းကိုဆောင်ရွက်ရန်အတွက် တရားဝင်အသိအမှတ်ပြုလိုင်စင်ရ အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ အရောင်းဆိုင်များထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

| | | |
|---|---|---|
| ၂။ | အိတ်ဖွင့်တင်ဒါပုံစံများစတင်ရောင်းချမည့်ရက် | – ၂၃–၁၁–၂၀၂၀ရက် |
| | တင်ဒါပိတ်မည့်ရက် | – ၂၂–၁၂–၂၀၂၀ရက် |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း ဆေးဝါးတက္ကသိုလ်၊ မန္တလေး ဖုန်း–၀၈၅–၄၀၂၄၄၊ ၀၈၅–၄၀၁၃၅သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဆေးဝါးတက္ကသိုလ်၊ မန္တလေး**
**မန္တလေးမြို့**

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးဝါးတက္ကသိုလ်၊ မန္တလေး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆေးဝါးတက္ကသိုလ်၊ မန္တလေးတွင် (၂၀၂၀–၂၀၂၁) ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လိုပါ၍ လုပ်ငန်းဆောင်ရွက်လိုသော တရားဝင်အသိအမှတ်ပြုလိုင်စင်ရ (အဖွဲ့အစည်း/ကုမ္ပဏီ/ကန်ထရိုက်တာ)များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါရန် ခေါ်ယူအပ်ပါသည်–

ဆောင်ရွက်ရမည့်လုပ်ငန်း

| | |
|---|---|
| လုပ်ငန်း (၁) | ကျောင်းသူ (၂၀၀)ဆံ့ အဆောင်ဆောက်လုပ်ခြင်း (၃၂'x၂၀၀') (၃၀'x၅၈'x၂) (၃)ထပ် (RC) ထမင်းစားဆောင် (၁၂၀'x ၄၀') (RC) (၁)ထပ် (ဝရန်တာလျှောက်လမ်းနှင့် ပေါ်တီကိုအပါအဝင် စုစုပေါင်းကြမ်းခင်းဧရိယာ (၃၇၀၉၂–ပေ) (ရေ/မီး/မိလ္လာ Apron & Drain အပါအဝင်) |
| လုပ်ငန်း (၂) | (၆)ခန်းတွဲ (၄)ထပ်၊ RC ဝန်ထမ်းဆောင်တည်ဆောက်ခြင်း၊ (၁၆၈'x၄၅'x၄၈') (ရေ/မီး/ မိလ္လာ Apron & Drain အပါအဝင်) |
| လုပ်ငန်း (၃) | စာသင်ဆောင်ခန်းမဆောက်လုပ်ခြင်း (140'x60') RC (၂)ထပ် (Lacture Theatre) ရေ မီး၊ မိလ္လာ၊ Apron & Drain အပါအဝင်) |
| လုပ်ငန်း (၄) | ဆေးဝါးတက္ကသိုလ်၊ မန္တလေးအရှေ့ဘက်ခြမ်း၊ ခြံစည်းရိုးကာရံခြင်း (အရှည် ၁၈၄၀'xအမြင့် ၆.၅') အုတ်ခြံ စည်းရိုးအုတ်တိုင် (သံဆူးကြိုးတပ်ပါ) လုပ်ငန်း။ |
| လုပ်ငန်း (၅) | ဓာတ်ခွဲခန်း (၄)ခန်းပြုပြင်ခြင်းလုပ်ငန်း<br>(၁) ဆေးဝါးဖော်စပ်ရေးဗေဒဌာနဓာတ်ခွဲခန်း (၅၆'၄"x၂၅'x၁၅')<br>(၂) ပရဆေးဗေဒဌာနဓာတ်ခွဲခန်း (၅၆'၄"x၂၅'x၁၅')<br>(၃) ဆေးဝါးဘက်ဆိုင်ရာဓာတုဗေဒဌာနဓာတ်ခွဲခန်း (၅၆'x၂၅'x၁၅')<br>(၄) ဆေးဝါးဗေဒဌာနဓာတ်ခွဲခန်း (၂၈'၄"x၁၆'x၁၃') (၂)ခန်း |
| လုပ်ငန်း (၆) | 11KV 0.4 KV (315 KVA) Transformer တည်ဆောက်ခြင်း 11KV Overhead Line သွယ်တန်းခြင်း 0.4KV Over Head သွယ်တန်းခြင်းလုပ်ငန်း။ |
| လုပ်ငန်း (၇) | တက္ကသိုလ်ဝင်းအတွင်း ပတ်လမ်းခင်းခြင်း (ကွန်ကရစ်လမ်း) (၁၉၀၀'x၁၂'x၆") လုပ်ငန်း |
| လုပ်ငန်း (၈) | စက်ရေတွင်း(အနက်ပေ ၄၀၀ခန့်၊ အကျယ် ၄")နှင့် ရေစင်တည်ဆောက်ခြင်းလုပ်ငန်း၊ (RC တိုင်၊ ဂါလန် (၂၀၀၀၀)ဆံ့ သံတိုင်ကီ) ရေစင်အမြင့် (၄၅')။ |
| လုပ်ငန်း (၉) | ရှင်းလင်းဆောင်အစည်းအဝေးခန်းမ Air–Con Circuit Main wire သွယ်တန်းခြင်း၊ Main DB တပ်ဆင်ခြင်းနှင့် စာ ကြည့်တိုက်ဆောင်၊ စာသင်ခန်း Air–Con (1.5 Hp) (16 Nos) အတွက် လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်း။ |
| လုပ်ငန်း (၁၀) | တက္ကသိုလ် (Stage) ခုံတည်ဆောက်ခြင်းလုပ်ငန်း (၆၀'x၃၀'x၄') အုတ်ခုံတည်ဆောက်ခြင်းလုပ်ငန်း။ |
| လုပ်ငန်း (၁၁) | တက္ကသိုလ်၏ လုံခြုံရေးဂိတ်တဲ တည်ဆောက်ခြင်းလုပ်ငန်း (Steel Structure) (၁၅'x၁၅'x၁၂') |

| | |
|---|---|
| – အိတ်ဖွင့်တင်ဒါပုံစံများစတင်ရောင်းချမည့်ရက် | – ၂၃–၁၁–၂၀၂၀ရက် |
| တင်ဒါပိတ်မည့်ရက် | – ၂၂–၁၂–၂၀၂၀ရက် |

– တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း ဆေးဝါးတက္ကသိုလ်၊ မန္တလေး ဖုန်း–၀၈၅–၄၀၂၄၄၊ ၀၈၅–၄၀၁၃၅သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ဆေးဝါးတက္ကသိုလ်၊ မန္တလေး**
**မန္တလေးမြို့**

## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## စစ်ကိုင်းတိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ရုံးနှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း လုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ | တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | – ၁၆–၁၁–၂၀၂၀ရက်မှ ၁၆–၁၂–၂၀၂၀ရက်အထိ |
| ၃။ | တင်ဒါတင်သွင်းရမည့်ရက် | – ၁၈–၁၂–၂၀၂၀ရက်၊ ၁၆:၀၀နာရီ |
| ၄။ | တင်ဒါတင်သွင်းရမည့်နေရာ | – တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ မုံရွာမြို့ |

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်–

**တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး**
**ရုံးကြီးလမ်း၊ ရုံးကြီးရပ်ကွက်၊ မုံရွာမြို့**
**ဖုန်း–၀၇၁–၂၂၈၁၇၊ ၀၉–၂၅၉၀၇၀၂၂၃**

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## အားကစားနှင့် ကာယပညာဦးစီးဌာန
## ကရင်ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ကရင်ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၏ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်း(၁)ခုအား ဆောင်ရွက်ရန်ရှိပါသဖြင့် စိတ်ပါဝင်စားသော အစိုးရအသိအမှတ်ပြု မြန်မာနိုင်ငံသားဆောက်လုပ်ရေး ကုမ္ပဏီများအား သတ်မှတ်ချက်နှင့် အညီ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါရန်ဖိတ်ခေါ်အပ်ပါသည်–

**(၁)ကော့ကရိတ်မြို့နယ် မိုးလုံလေလုံ အားကစားရုံတည်ဆောက်ခြင်းလုပ်ငန်း**

| | |
|---|---|
| တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် | – ၁၂–၁၁–၂၀၂၀ရက် မှ ၂၇–၁၁–၂၀၂၀ရက် အထိ |
| တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက် | – ၃–၁၂–၂၀၂၀ရက် (ရုံးချိန်အတွင်း) |
| တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ | – ကရင်ပြည်နယ် အားကစားနှင့် ကာယပညာ ဦးစီးဌာန |

**(ပြည်နယ်ရုံး)**
**ဆက်သွယ်ရန် ဖုန်း– ၀၅၈–၂၂၆၃၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အဦဦးစီးဌာန
## တည်ဆောက်ရေးအဖွဲ့(၂)
## အဆောက်အဦ အထူးအဖွဲ့(၆/၇)
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## တင်ဒါအမှတ်စဉ်(၂)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)၊ အဆောက်အဦ အထူးအဖွဲ့(၆)နှင့်(၇) တို့မှ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်နေသော စံချိန်စံညွှန်းမီ အရည်အသွေးပြည့်ဝသည့် တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်းများကို ပစ္စည်းပေးသွင်းလိုသူများ တင်သွင်းပေးသွင်းနိုင်ပါကြောင်း ၁၈–၁၀–၂၀၂၀ရက် မြန်မာ့အလင်း သတင်းစာတွင် ကြေညာခဲ့ပြီး အောက်ဖော်ပြပါ အစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည်ဖြစ်ပါကြောင်း ထပ်မံကြေညာအပ်ပါသည်–

| | |
|---|---|
| တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် | – ၂၀–၁၀–၂၀၂၀ရက် |
| တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် | – ၁၈–၁၁–၂၀၂၀ရက် ညနေ ၄:၃၀နာရီ |
| Presentation ပြုလုပ်မည့်ရက် | – ၂၀–၁၁–၂၀၂၀ရက် နံနက် ၁၀နာရီ |
| တင်ဒါဖွင့်ပွဲ ကျင်းပမည့်ရက်/အချိန် | – ၂၁–၁၁–၂၀၂၀ရက် နံနက် ၉နာရီ |
| တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ | – ဒု–ညွှန်ကြားရေးမှူး(မြို့ပြ)၊အဆောက်အဦ အထူးအဖွဲ့(၆)ရုံး၊ မန္တလေးမြို့ |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အဆောက်အဦ ဦးစီးဌာန၊ ဒု– ညွှန်ကြားရေးမှူး(မြို့ပြ)၊ အဆောက်အဦအထူးအဖွဲ့(၆)ရုံး)၊ မန္တလေးမြို့နှင့် အဆောက်အဦအထူးအဖွဲ့(၇)၊ညောင်ဦးမြို့တို့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းမည့် အသေးစိတ်အချက်အလက်များကို ဖုန်း– ၀၂–၄၀၇၆၃၆၄၊ ၀၉– ၄၄၄၀၃၉၉၅၃၊ ၀၉– ၄၀၂၆၇၇၆၀၅၊ ၀၉– ၄၀၂၆၄၁၈၉၀ တို့သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**(တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ မြရွှေဝါ ၃လမ်းရှိ အကွက်အမှတ်(၃/၆၀၁)၊ အလျား(၆၀)ပေ အနံ(၄၀)ပေ ရှိ ဦးဘိုမင်း အမည်ပေါက်ပိုင်ဆိုင်သော အိမ်ဝိုင်းမြေကွက်ကို ၎င်းထံမှ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးစိုးသီဟထံမှ ဒေါ်စုစုကြည်က ၁၈– ၁၁–၂၀၂၀ ရက်တွင် အပြီးအပြတ်ငွေပေးချေဝယ်ယူမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိက ခိုင်မာသည့်စာရွက်စာတမ်း ၊ စာချုပ်စာတမ်းများဖြင့် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စုစုကြည်၏လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးစိုင်းအောင်ဟိန်း**
**အထက်တန်းရှေ့နေ(စဉ်– ၄၈၇၇၄)**
**အမှတ်(၄)ရပ်ကွက်၊ လယ်ဝေးမြို့ ဖုန်း– ၀၉– ၉၇၁၉၉၃၀၀၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(၀)ရပ်ကွက်၊ ငစိန်လမ်း၊ အမှတ်(၃၀၅/ခ)နေ ဦးသိန်းသန်းလင်း ၈/စလန(နိုင်)၁၂၆၈၆၅မှ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာထည့်သွင်းအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ် (၀)ရပ်ကွက်၊ ငစိန်လမ်း၊ အမှတ်(၃၀၇–ခ) ဟုခေါ်တွင်သော ပေအကျယ် (ပေ ၂၀xပေ ၆၀) မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်တစ်လုံးနှင့် ဦးညွန့်မောင် ၁၂/အစန(နိုင်)၀၀၅၁၇၃ အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်အား ၎င်းထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်အေးအေးကြူ ၁၄/ကကန(နိုင်)၀၉၈၀၈၀မှ ၎င်းအိမ်ခြံမြေကွက်နှင့် ပတ်သက်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်မှ အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် အိမ်ခြံမြေကွက်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးသိန်းသန်းလင်း ၈/စလန(နိုင်)၁၂၆၈၆၅**

## ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ရခိုင်ပြည်နယ်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း၌ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် ရှိပါသဖြင့် ဆောင်ရွက်လိုသော မြန်မာနိုင်ငံသားပိုင် ဆောက်လုပ်ရေးလိုင်စင်ရ ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်-

| Lot | လုပ်ငန်းအမည် |
|---|---|
| Lot(1) | ပင်မစာသင်ဆောင်နှင့်အုပ်ချုပ်မှုအဆောင် RC (၃)ထပ်ဆောက်လုပ်ခြင်း |
| | (က) (၁၅၀'x၈၀') (၁)ထပ်အဆောက်အဦ (၁)လုံး (ရေ၊ မီး၊ ပါ) |
| | (ခ) (၁၀၀'x၅၀') (၃)ထပ် အဆောက်အအုံ (၂)လုံး (ရေ၊ မီး၊ ပါ) |
| Lot(2) | သင်တန်းသား/သူများ အိပ်ဆောင် (၄၂'x၂၀၀')RC (၃)ထပ်၊ (၁)လုံး (ရေ၊ မီး၊ ပါ) |
| Lot(3) | (၁) ထမင်းစားဆောင် (၁၀၀'x၇၀') RC(၃)ထပ် (၁)လုံး (ရေ၊ မီး၊ ပါ) |
| | (၂) ထမင်းချက်ဆောင် (၂၀'x၅၉' . ၃'')RC (၁)ထပ် (၁)လုံး) (ရေ၊ မီး၊ ပါ) |
| Lot(4) | (၁) အစောင့်ဂိတ်တဲ (၁၀'x၁၀') RC (၁)လုံး |
| | (၂) ၄'' (၃၀၀' အရှည်) ရေရရှိရေးစက်ရေတွင်း (၁)တွင်း တူးဖော်ခြင်း |
| | (၃) စင်မြင့်ရေလှောင်ကန် (၁၀၀၀)ဂါလန်ဆံ့ (၂၀)လုံးတည်ဆောက်ခြင်း |
| | (၄) မြေပြင်ရေလှောင်ကန် RC (Ground Tank) (၂၀၀၀၀)ဂါလန်ဆံ့ (၂)လုံး |
| | (၅) ထရန်စဖော်မာ (315 KVA) (၁)လုံး |
| | (၆) 11. KV (1000') လျှပ်စစ်မီးသွယ်တန်းခြင်း |
| | (၇) သင်တန်းကျောင်းဆိုင်းဘုတ် (၁၄'x၉'x၉') |

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို စစ်တွေမြို့၊ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပြီး ၁၁-၁၂-၂၀၂၀ရက် ညနေ ၄:၀၀ နာရီနောက်ဆုံးထား၍ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း စစ်တွေမြို့သို့ အဆိုပြုလွှာများကို တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၊ ရှုခင်းသာလမ်း၊ စစ်တွေမြို့၊ ဖုန်း-၀၉-၄၂၁၇၁၅၇၁၆၊ ၀၉-၄၅၈၄၀၅၀၈၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

## TRADE MARK CAUTION

**Uniprima Co., Ltd.**, a Company incorporated in Thailand, of 831 Moo 4 Bangpoo Industrial estate, Praeksa, Samutprakarn 10280, Thailand, is the Owner of the following Trade Mark:-

ROADMAP

**Reg. No. 5518/2020**

in respect of " Pesticides, insecticides, fertilizer, plant growth regulator, plant nutrients ".

Fraudulent imitation or unauthorised use of the said Trade Mark will be dealt with according to law.

Win Mu Tin, M.A., H.G.P., D.B.L
for **Uniprima Co., Ltd**.
P. O. Box 60, Yangon
E-mail: makhinkyi.law@mptemail.net.mm
Dated: 12 November 2020

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
### ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၉၁

ဒေါ်မြင့်မြင့်စန်း **နှင့်** ဒုတပ်ကြပ်စိုးသိန်း
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (၀-၆/၁၂) နေ ဒုတပ်ကြပ်စိုးသိန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မြင့်မြင့်စန်းက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(၀-၆)၊ ဦးပိုင်(၃၈)၊ ဧရိယာ ၀ဒသမ ၀၅၅၁ ဧကရှိ မြေကွက်နှင့်ပတ်သက်၍ တရားလိုနှင့်တရားပြိုင်တို့ အရောင်းအဝယ်စာချုပ်ချုပ်ဆိုခဲ့ကြသည့်အပေါ် အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂ ရက် (၁၃၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြူသွယ်အောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်(၁)၊ရန်ကုန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးတက္ကသိုလ်(၁)၊ရန်ကုန်၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူ/ဆောင်ရွက်မည့် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တရားဝင်အသိအမှတ်ပြု လိုင်စင်ရ အဖွဲ့အစည်းများ၊ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(က) ဆေးဘက်ဆိုင်ရာ သင်တန်းသုံး ပစ္စည်းများ
(ခ) လျှပ်စစ်သုံး ပစ္စည်းများ
(ဂ) အရပ်ရပ်သုံး ပစ္စည်းများ
(ဃ) ရုံးသုံးစက်ကိရိယာများ
(င) ရုံးသုံးပရိဘောဂများ
(စ) e-Government လုပ်ငန်း
(ဆ) ဓာတ်ခွဲခန်းသုံး ဓာတ်ဆေးပစ္စည်းများ
(ဇ) Test Book and Medical Journals

၂။ **အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၇-၁၁-၂၀၂၀ ရက် နံနက် ၉:၃၀ နာရီ
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၆-၁၂-၂၀၂၀ ရက် ညနေ ၁၆:၃၀ နာရီ
**တင်ဒါဖွင့်မည့်ရက်** - ဆက်သွယ်အကြောင်းကြားပါမည်။
**တင်ဒါပုံစံရောင်းချမည့်နေရာ** - အမှတ် ၂၄၅၊ မြို့မကျောင်းလမ်း၊ လမ်းမတော်မြို့နယ်၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း- ၀၉-၅၁၅၈၉၀၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

---

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန
## ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
## စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး၊ မုံရွာမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် အောက်ဖော်ပါပြ တည်ဆောက်ရေးလုပ်ငန်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| တည်နေရာ | လုပ်ငန်း |
|---|---|
| မုံရွာမြို့ | အလျား၈၀' x အနံ ၄၀' RC ဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ (၄)ထပ်ဆောက်လုပ်ခြင်း |

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရမည်ဖြစ်ပါသည်-
(က) **တင်ဒါလျှောက်လွှာရယူရန်** - ၁၆-၁၁-၂၀၂၀ ရက်မှ ၁၆-၁၂-၂၀၂၀ ရက်ထိ
(ခ) **တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၈-၁၂-၂၀၂၀ ရက် ၁၆:၀၀ နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်** - ဆက်သွယ်အကြောင်းကြားပါမည်
(ဃ) **တင်ဒါဖွင့်မည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ(၂)

၃။ တင်ဒါလျှောက်လွှာများကို မေတ္တာရိပ်မြုံလမ်း၊ ချမ်းမြဝတီရပ်၊ မုံရွာမြို့ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရုံးဖုန်း-၀၇၁-၂၀၂၆၂၇၄၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးရုံးခန်း ဖုန်း-၀၇၁-၂၀၃၂၃၁၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ- ၁ နှင့် ၅)
### တောင်ငူမြို့နယ်တရားရုံး
### ၂၀၂၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ် ၁၆၈

ဒေါ်အေးဒါလီမှူး **နှင့်** ဦးအောင်ကိုဦး
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အိမ်အမှတ် ၄၉၊ ပထမထပ်(ဘယ်)၊ မာလာမြိုင်(၃)လမ်း၊ (၁၆)ရပ်ကွက်နေ ဦးမျိုးညွန့်၏သား ဦးအောင်ကိုဦး သိစေရမည်။

သင့်အပေါ်၌ တရားလိုက အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၄ ရက် (၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်နေ့) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နယမင်းဖြူ)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**တောင်ငူမြို့နယ်တရားရုံး**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကျန်းမာရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(က) ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၏ (၂၀၂၀-၂၀၂၁)ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် တရားဝင်အသိအမှတ်ပြုလိုင်စင်ရအဖွဲ့အစည်းများ၊ ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

၁။ Medical Skill, Simulation and Research Centre အဆောက်အဦဘေးတွင် (၈)ထပ် R.C.C Building Dormitory (၁၄၉'x၅၃.၆''x၉၁') (၅၁၄၀၄ Sq-ft) တည်ဆောက် ခြင်း၊ (၂)နှစ်စီမံကိန်း (ရေ၊ မီး၊ မိလ္လာ၊ Apron Drain အပါအဝင်)

၂။ L Shaped အဆောက်အဦ နေရာတွင် (၁၂)ထပ် R.C.C Building Dormitory (၁၈၅'x၈၄'x၁၃၁') (၁၈၆၆၁၂ Sq-ft) တည်ဆောက်ခြင်း။ (၂)နှစ်စီမံကိန်း (ရေ၊ မီး၊ မိလ္လာ၊ Apron Drain အပါအဝင်)

၃။ စိန့်ဂျွန်းကြက်လျှာစွန်းမြေနေရာတွင် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊ (၂) ခန်းတွဲ (၆)ထပ် (၄၀'x၄၀'x၆၂') (၉၆၀၀ Sq-ft) (၂)နှစ်စီမံကိန်း (ရေ၊ မီး၊ မိလ္လာ၊ Apron Drain အပါအဝင်)

၄။ လမ်းမတော်ပရဝဏ်အတွင်းရှိ အပန်းဖြေခန်းမ အကြီးစားပြုပြင်မွမ်းမံခြင်း။ (၁၀၀'x၆၀')

၅။ စိန့်ဂျွန်းကြက်လျှာစွန်းမြေနေရာရှိ (၂၄)ခန်းတွဲ ဝန်ထမ်းအိမ်ရာ (၉၆'x၅၀'x၄၂') နှင့် (၃၂)ခန်းတွဲဝန်ထမ်းအိမ်ရာ (၁၂၀'x၄၀'x၄၂')အဆောက်အဦ ပြင်ပဆေးသုတ်ခြင်း။

၆။ (၆)ခန်းတွဲ (၆)ထပ်အိမ်ရာ၏ (400)KVA Transformer အား Overhead System မှ Underground System ပြောင်းလဲတပ်ဆင်ခြင်း။

၇။ လမ်းမတော်ပင်မဆောင် ရှေ့ဘက်ခြမ်းရှိ မြေနေရာ (၂၇၇'x၁၂၈') (၃၅၄၅၆ Sq-ft)+(၆၆'x၃၁') (၂၀၄၆ Sq-ft)= (၃၇၅၀၂ Sq-ft) အား ကွန်ကရစ်ပိုးကတ္တရာလမ်းခင်းခြင်း။

၈။ ပြည်လမ်းနှင့် သထုံလမ်း နယ်မြေကြား လူကူးစင်္ကြံအမိုးပြုလုပ်ခြင်း။ (၂၄၇'x၁၃'x၉') (၂၆၅'x၉'x၉')

၉။ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်(လမ်းမတော်)ရှိ သင်ကြားရေးဌာနများအား ကြမ်းခင်း Vinyl ခင်းခြင်း။ (၄၁၂၃၃ Sq-ft)

၁၀။ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် (သထုံလမ်း)ရှိ သင်ကြားရေးဌာနများအား ကြမ်းခင်း Vinyl ခင်းခြင်း။ (၃၈၃၃၆ Sq-ft)

(ခ) အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက် - ၁၂-၁၁-၂၀၂၀ ရက် နံနက် ၉:၃၀ နာရီ
အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၁-၁၂-၂၀၂၀ ရက် ညနေ ၁၆:၃၀ နာရီ
တင်ဒါဖွင့်မည့်ရက် - ဆက်သွယ်အကြောင်းကြားပါမည်။
တင်ဒါပုံစံရောင်းချမည့်နေရာ - အမှတ်-၂၄၅၊ မြို့မကျောင်းလမ်း၊ လမ်းမတော်မြို့နယ်၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်။

(ဂ) အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၉-၅၁၅၈၉၀၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဆေးတက္ကသိုလ်(၁) ရန်ကုန်**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ငွေလုံးငွေရင်းအသုံးစရိတ်နှင့် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် လမ်း၊ တံတား၊ ရေမြောင်းလုပ်ငန်းများနှင့် Drainage System ရေးဆွဲခြင်းလုပ်ငန်းများ လုပ်ငန်း(၁၂)ခုနှင့်ပတ်သက်၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၂-၁၁-၂၀၂၀ ရက်
**တင်ဒါပုံစံပိတ်မည့်ရက်** - ၁၁-၁၂-၂၀၂၀ ရက် ၁၆:၀၀ နာရီ
**တင်ဒါပေးသွင်းရမည့်နေရာ** - အင်ဂျင်နီယာဌာန(လမ်း/တံတား) နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂။ တင်ဒါပုံစံနှင့်အသေးစိတ်သိရှိလိုသည့် အချက်အလက်များအား ရုံးချိန်အတွင်း အောက်ဖော်ပါပြလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်-

အင်ဂျင်နီယာဌာန(လမ်း/တံတား)၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း-၀၆၇-၄၃၂၀၃၇၊ ၀၉-၆၉၅၀၁၆၀၄၁

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## အများသိစေရန်ကြေညာခြင်း

ကျွန်မ ဒေါ်ဖြူဖြူထွန်း (ဘ- ဦးစံထွန်း) ၁၃/လရန(နိုင်)၀၀၇၅၃၇ နှင့် ဦးသက်ဦး (ဘ- ဦးတင်ဦး) ၁၃/လရန(နိုင်)၀၃၀၈၃၉ တို့သည် ၂၇-၅-၁၉၈၂ မှစ၍ တရားဝင်လက်ထပ်ပေါင်းသင်းခဲ့ရာ ယနေ့အချိန်ထိ တရားဝင်အကြင်လင်မယားဖြစ်ပြီး (၂)ဦးပိုင်ပစ္စည်းများအဖြစ် မရွှေ့မပြောင်းနိုင်သော အောက်ပါပစ္စည်းများ ထွန်းကားခဲ့ပါသည်-

ဒေါ်ဖြူဖြူထွန်းအမည်ပေါက်များဖြစ်သော
(၁) မန္တလေးမြို့၊ ရဲမွန်တောင်ရပ်ကွက်၊ မ၆၄ (၂) အမှတ် ၄(က+ခ) မြေကွက်နှင့် မြေပေါ်ရှိ နှစ်ထပ်တိုက်အဆောက်အဦ
(၂) အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၅၈၈/၈၊ ဦးပိုင်အမှတ် လယ်(၄၆/၁-၀.၄၁ ဧက၊ ၄၆/၂-၀.၇၀ ဧက၊ ၄၄/၂-၀.၁၀ ဧက)
(၃) ပြင်ဦးလွင်မြို့နယ်၊ မေမြို့ထင်းကြူးဝိုင်း၊ အကွက်အမှတ် (၂၇)၊ ကော်ဖီစိုက်ခင်း (၃)ဧက

ဦးသက်ဦးအမည်ပေါက်များဖြစ်သော
(၄) အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ (၀၀-၃၄) ဦးပိုင်အမှတ် (၂၄)၊ မြေကွက်(၁)ကွက်
(၅) နေပြည်တော်၊ မြေတိုင်းအမှတ် (၅/ဥတ္တရသီရိ)၊ ဥတ္တရသီရိမြို့နယ်၊ ရွှေဘိုလမ်း၊ ရာဇသင်္ဂဟအိမ်ရာ၊ အမှတ် ဥ(၂၀၉၆) မြေကွက်နှင့် ၎င်းမြေပေါ်ရှိ တစ်ထပ်တိုက်အဆောက်အဦ
(၆) နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်အမှတ် (ဒ-၃၁၄၃၂)၊ မြေကွက် (၁)ကွက်
(၇) နေပြည်တော်၊ သရက်တောကျေးရွာအုပ်စု၊ ဦးပိုင်အမှတ် (၁၈)၊ ၁၉.၅ ဧကရှိ သရက်ခြံ (စိန်တလုံးသရက်ဇုန်)
(၈) ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ ၁(ခ) မြေကွက်အမှတ်(၁၁) မြေကွက်နှင့် မြေပေါ်ရှိနှစ်ထပ်တိုက် အဆောက်အဦတို့ ဖြစ်ပါသည်။

အထက်ဖော်ပြပါပစ္စည်းများနှင့်ပတ်သက်၍ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်းမပြုလုပ်ရန် သက်ဆိုင်ရာဌာနဆိုင်ရာအသီးသီးသို့ ကန့်ကွက်ထားပြီးဖြစ်ပါသည်။ အထက်ပါပစ္စည်းများကို ကျွန်မ ဒေါ်ဖြူဖြူထွန်း၏ သဘောဆန္ဒမပါဘဲ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ ဝယ်ယူမှုများမပြုလုပ်ကြပါရန် ရောင်းမှား/ဝယ်မှားမဖြစ်စေရန်အတွက် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြူဖြူထွန်း**
**၁၃/လရန(နိုင်)၀၀၇၅၃၇**
**ဖုန်း-၀၉-၇၉၉၉၃၁၀၈၄**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ ရုံးရပ်မှ မြေဧရိယာ ၀ဒသမ ၁၁၀ ဧကရှိ မြေကွက်အမှတ် (ပ-၂၀၂၄၉ A)၊ ဒေါ်ဆွေဆွေတင် ၁၂/ ကမရ(နိုင်)၀၂၇၄၇၂ (ဘ) ဦးသောင်းစိန်အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်နွေမာစိုး ၁၁/ဘသတ(နိုင်)၀၂၁၉၂၄ (ဘ)ဦးမောင်ကျော်နိုင်မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၉၃၃/၂၀၂၀ တင်ပြ၍ ဒေါ်ကြီးသား ၂/လကန(ဧည့်)၀၀၀၂၉၀ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြပြီး နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

---

### မတည်ငွေရင်းလျှော့ချခြင်း

ကျွန်တော်များ YANGON WAN PING GARMENT CO.,LTD ၏ မတည်ငွေရင်း ပမာဏအား အမေရိကန်ဒေါ်လာ ၃၅ သန်းမှ အမေရိကန်ဒေါ်လာ ၅ သန်း သို့ လျှော့ချမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

---

### အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ဗန်းမော်မြို့၊ မြို့မရပ်၊ မမ(၈၈) နေ ဦးကင်း၏သား အမည်မှန်မှာ ဦးချစ်ကြည် ၁/ဗမန(နိုင်)၀၀၂၁၆၈ ဖြစ်ပြီး မွေးသက္ကရာဇ် အမှန်မှာ ၁၄-၈-၁၉၅၆ ဖြစ်ပါကြောင်း။

**ဦးချစ်ကြည် (၁၄-၈-၁၉၅၆)**

---

### အစုရှယ်ယာလျှော့ချခြင်း

Myanmar Snow Land Travels & Tours Co.,Ltd ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ ကုမ္ပဏီတွင် ထည့်ဝင်ထားသော ကျပ်တစ်သိန်းတန် အစုရှယ်ယာပေါင်း (၈၀၀)စုမှ(၈၀)သို့ လျှော့ချကြောင်း ကြေညာအပ်ပါသည်။ ထိုကဲ့သို့ လျှော့ချခြင်းအား ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ သတ်မှတ်ပုံစံများတွင်လည်း တင်ပြခဲ့ပြီးဖြစ်ပါသည်။

**Myanmar Snow Land Travels & Tours Co.,Ltd**

---

### ကန့်ကွက်နိုင်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အမှတ်(၄) ရပ်ကွက်၊ ကွင်းအမှတ်(၁၈၄-ခ)၊ ကန်ကြီးထောင့်အရှေ့ကွင်း၊ ဦးပိုင်အမှတ် (၂၉၉)၊ ဧရိယာ ဝဒသမ ၂၆၀ ဧကရှိမြို့မြေအား ဦးအောင်မျိုးထက်(ဘ) ဦးအောင်မြင့် ၁၄/ ကကထ(နိုင်)၁၇၃၁၈၇ မှ မြေပေးမိန့် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက် လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကန်ကြီးထောင့်မြို့နယ်**

---

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြောင်မြို့၊ တောင်ရပ်ကွက်မှ ဦးဗိုလ်ဆန်း-ဒေါ်မူမူတို့၏သား မောင်ထွန်းဝင်းရွှေ ၁၁/မတန(နိုင်)၀၂၆၃၁၁သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘတို့အား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုမူခဲ့ပြီး ၎င်း၏ ဆန္ဒအတိုင်း ပြုလုပ်ခဲ့ပါ၍ ၎င်းအား ယနေ့မှစ၍ အမွေစားအမွေခံ သားအဖြစ်မှ စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**ဦးဗိုလ်ဆန်း ၅/ မမန(နိုင်)၀၁၀၆၂၇**
**ဒေါ်မူမူ ၅/ ကသန(နိုင်)၀၀၁၉၇၄**

## အထက(၁) ပန်းတနော်မြို့၊ ကျောင်းသား ကျောင်းသူဟောင်းများအဖွဲ့၊ (၁၇)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

၂၀၂၀ပြည့်နှစ်၊ ဒီဇင်ဘာ ၂၅ ရက်တွင် ကျင်းပရန်ရှိသော (၁၇)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို Covid- 19 ကပ်ရောဂါ အခြေအနေကြောင့် အခမ်းအနားကျင်းပခြင်းမပြုလုပ်တော့ပါ၊ အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို ကန်တော့ခံဆရာကြီး/ဆရာမကြီး (၁၁၀)ဦးထံသို့ ၂၅-၁၂-၂၀၂၀ ရက်တွင် ပို့ဆောင်လှူဒါန်း ကန်တော့ရန် စီစဉ်ထားရှိပါသည်။ (အလှူခံဖြတ်ပိုင်းဖြင့် အလှူငွေကောက်ခံခြင်း မပြုလုပ်နိုင်ပါ၍) အလှူငွေနှင့်လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုသော ကျောင်းသား/ကျောင်းသူဟောင်းများအနေဖြင့် အောက်ပါကျင်းပရေး ကော်မတီသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေးမေတ္တာရပ်ခံအပ်ပါသည်။

| | |
|---|---|
| ၁။ ဆရာကြီး ဦးသိန်းရွှေ(ရန်ကုန်) ဖုန်း-09-794310800 | ၇။ ဦးတင်စိုး (ပန်းတနော်) ဖုန်း-09-770043572 |
| ၂။ ဒေါက်တာအောင်ဇော်မြင့်(ရန်ကုန်) ဖုန်း-09-5002141 | ၈။ ဦးကြီးမြင့် (ပန်းတနော်) ဖုန်း-09-775225735 |
| ၃။ ဦးအောင်ထွန်း(ရန်ကုန်) ဖုန်း-01253549 | ၉။ ဦးဇော်လင်း(ပန်းတနော်) ဖုန်း-09-792851725 |
| ၄။ ဦးသက်လင်း(ရန်ကုန်) ဖုန်း-09-5145077 | ၁၀။ ဦးတင့်လွင်(ပန်းတနော်) ဖုန်း-09-790658885 |
| ၅။ ဦးထွန်းလင်း(ရန်ကုန်ဆေးရုံကြီး) ဖုန်း-09-252405155 | ၁၁။ ဒေါ်ငြိမ်းငြိမ်းအေး(ပန်းတနော်)ဖုန်း-09-250593855 |
| ၆။ ဦးအေးမြင့်(ပန်းတနော်)ဖုန်း-09-5003496 | ၁၂။ ဦးခင်မောင်ဇော်(ပန်းတနော်)ဖုန်း-09-777191020 |

" အလှူငွေရရှိမှုစာရင်းအား Fb Page မှ ကြော်ငြာပေးပါမည်။ "

**မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**
**အထက(၁)ပန်းတနော်**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ($L_{17}$/၆၀)၊ မြေကွက်အမှတ် (၇၀၉)၏ ဂရန်အမည်ပေါက် ဦးသင်မြင့်သန်း SCG-၀၀၀၉၈၈မှ မြေတန်ဖိုးငွေပြန်လည်ပေးသွင်းခွင့်နှင့် အပ်နှံထားသည့် ဂရန်ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်(ဂရန်)ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြေနှင့်အိမ်ရာဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ၊ ယောဂီဆောင် ဒါယကာကြီး

# ဦးစိုးနောင်

### စာတည်းမှူးချုပ်(အငြိမ်းစား)၊ The New Light of Myanmar
### မြန်မာ့သတင်းစဉ်(နိုင်ငံခြား)၊ စာရေးဆရာ စိုးသီဟနောင်
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အင်းလျားလမ်း၊ ခြံအမှတ်(၈၁)နေ (ဦးဘိုကွန်း-ဒေါ်ကျင်မြိုင်)တို့၏ သား၊ (ဦးဆန်းသင်- ဒေါ်လှယဉ်) တို့၏သားသမက်၊ ဒေါ်စန်းမြင့်၏ခင်ပွန်း၊ ဒေါက်တာအောင်နိုင်စိုး (တာဝန်ခံ ပါမောက္ခချုပ်၊ မန္တလေး အဝေးသင်တက္ကသိုလ်)-ဒေါက်တာ မြတ်သူဇာစိုး(ညွှန်ကြားရေးမှူး- ဘွဲ့လွန်အသုံးချဘူမိဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဗိုလ်မှူးသန်းထိုက်စိုး(သုတေသနမှူး၊ ဘူမိဗေဒ)- ဒေါက်တာ ခင်မူယာစိုး(ဆေးရုံအုပ်၊ခုတင်-၅၀၀၊အထူးကုဆေးရုံကြီး၊ ရန်ကုန်)တို့၏ ချစ်လှစွာသောဖခင်၊ မောင်အောင်ကောင်းမြတ်စိုး(တတိယနှစ်၊ သွားဆေးတက္ကသိုလ်)၊ မောင်ရဲလင်းစိုး(ပထမနှစ်၊ ဆေး တက္ကသိုလ်၊ ရန်ကုန်)၊ မရွှန်းလဲ့ဝေဝေစိုး(တက္ကသိုလ်ဝင်တန်း- TTC)၊ မောင်ဘုန်းမျိုးထိုက်(အဋ္ဌမတန်း- ဒဂုံ-၁)၊ မောင်ဝေယံလင်းစိုး(သတ္တမတန်း-TTC)တို့၏ချစ်လှစွာသောအဘိုးသည်၁၀-၁၁-၂၀၂၀ ရက် (အင်္ဂါနေ့) ည ၈:၃၀ နာရီတွင် ခုတင် (၅၀၀) အထူးကုဆေးရုံကြီးရန်ကုန်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၂၀ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ (မြန်မာကျပ်ငွေ)ဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်း နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာပုံစံနှင့် လုပ်ငန်းစာရင်းစည်းကမ်းချက်အသေးစိတ်တို့ကို ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင် တင်ဒါအဆိုပြုလွှာများနှင့်တကွ ရောင်းချပေးမည်ဖြစ်ပါသဖြင့် ဖုန်း-၀၄၃-၂၀၂၄၅၃၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| (က) **တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်ရက်/အချိန်** | - | ၁၇-၁၁-၂၀၂၀ ရက်မှ ၁၇-၁၂-၂၀၂၀ ရက်ထိ (ရုံးချိန်အတွင်း) |
| (ခ) **တင်ဒါအဆိုပြုလွှာ နောက်ဆုံးတင်သွင်းရမည့် ရက်/အချိန်** | - | ၂၁-၁၂-၂၀၂၀ ရက် (ရုံးချိန်အတွင်း) |
| (ဂ) **တင်ဒါအဆိုပြုလွှာပုံစံ ရောင်းချမည့်နေရာ** | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ |

၃။ တင်ဒါအဆိုပြုလွှာ ဖွင့်ဖောက်မည့်ရက်ကို ထပ်မံအကြောင်းကြားပါမည်။

## အထူးဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခဒေါက်တာ အောင်ကျော်
### (ဦးနှောက်နှင့် အာရုံကြော)ခွဲစိတ်ကုဆရာဝန်ကြီး(ငြိမ်း) ရန်ကုန်ပြည်သူ့ဆေးရုံကြီး
### အသက် (၉၀)

ရန်ကုန်မြို့၊ အမှတ် (၁၄၂)၊ အနော်ရထာလမ်း (၃၅)နှင့် (၃၆)လမ်းကြား၊ ကျောက်တံတားမြို့နယ်နေ ပါမောက္ခဒေါက်တာ အောင်ကျော်သည် ၇-၁၁-၂၀၂၀ရက် (စနေနေ့) ည ၁၁:၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**SURGICAL SOCIETY**
**MYANMAR MEDICAL ASSOCIATION**

## ဒေါ်တင်တင်ရီ
### အသက် (၈၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်းနေ (ဦးကိုကိုလေး - ဒေါ်ညွန့်စိန်) ဆင်ပျံဖဲထီးတို့၏သမီးကြီး၊ (စည်သူ ဦးစံသိမ်း-ဒေါ်ကျင်စိန်)တို့၏ သမီးချွေးမ၊ (ဒေါက်တာ မြင့်လွင်သိမ်း၊ ဘွဲ့လွန်အသုံးချဘူမိဗေဒဌာန)၏ ချစ်လှစွာသောဇနီး၊ ဦးကျော်စိုးသိမ်း၊ ဒေါ်ဝင်းရည်ရည်သိမ်း-ဦးဇော်မျိုးနိုင်တို့၏ချစ်လှစွာသောမိခင်ကြီး၊ ကိုမင်းသိမ်းကျော် (တုန်တုန်)-မငြိမ်းသန္တာကို၊ မကြည်စင်သန့်(ပုံ့ပုံ့)၊ မဖွဲ့ဝင့်ဝါတင်(လုံ့လုံ့)တို့၏ချစ်လှစွာသောအဘွားသည် ၁၁-၁၁-၂၀၂၀ရက် မွန်းလွဲ ၁၂:၂၀ နာရီတွင် ကန်သာယာအထူးကုဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန် သွားပါသဖြင့် ၁၂-၁၁-၂၀၂၀ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ရောင်းမည်

ရွှေပြည်သာ(၉)ရပ်ကွက်၊ ဆင်နှစ်ကောင် မှတ်တိုင်၊ ယုဇနလမ်းမှ ဝင်၍ အထက(၅)အနီး၊ ယုဇနလမ်း ကျောကပ်၊ မြမာလာပန်းခြံ(၆) ဘက်လှည့်ပေ(၄၀x ၆၀)တိုက်ခံအိမ် ရေမီးပါ အရှုပ်အရှင်းကင်း၊

**ကျပ်သိန်း(၄၅၀)** **ဖုန်း- ၀၉- ၄၂၀၇၀၃၉၃၈**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်တင်တင်ရီ
### အသက် (၈၄)နှစ်

ရန်ကုန်တက္ကသိုလ်များ လှေလှော်အသင်းသားဟောင်းဖြစ်သူ ဦးကျော်စိုးသိမ်း(1988 Gold / 1992 Captain)၏မိခင်ဖြစ် သူ ဒေါ်တင်တင်ရီ အသက် (၈၄)နှစ်သည် ၁၁-၁၁-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တက္ကသိုလ်များလှေလှော်အသင်းသူအသင်းသားများ**
**(1985–1992) batch**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၃)ရပ်ကွက်၊ စက်မှုဇုန်(၂)၊ ချောင်းသာ(၁)လမ်း၊ အမှတ် (၈၅၇)ဟုခေါ်တွင်သော အကျယ်အဝန်းအားဖြင့် (၄၁ပေx၆၀ပေ)ရှိ နှစ်(၆၀)ဂရန် မြေကွက် (၁)ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးခင်မောင်ညွန့်(ခ)ဦးခင်ဇော် ၁၂/လမန(နိုင်)၀၉၉၉၇၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမောင်မောင်မြင့် ၁၂/ပဘတ(နိုင်)၀၃၈၈၁၃ ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသစရန်ငွေပေးကတိစာချုပ်ချုပ်ဆိုပြီး စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ မူရင်းအထောက်အထားများယူလာပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ နောက်ဆုံးသတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ-
**ဒေါ်သိင်္ဂီအေး**
(တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၄၈၁၉)
အမှတ်(၇၆၂)၊ သုဇာတာ(၁၁)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်
ဖုန်း-၀၉-၄၂၀၀၆၉၁၅၂

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်တင်တင်ရီ
### အသက် (၈၄)နှစ်

ဦးကျော်စိုးသိမ်း (1985 ခုနှစ် ရူပဗေဒ၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားဟောင်း)၏မိခင်ဖြစ်သူ ဒေါ်တင်တင်ရီ အသက် (၈၄)နှစ်သည် ၁၁-၁၁-၂၀၂၀ရက်တွင် ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**ရူပဗေဒ ကျောင်းသား ကျောင်းသူများ**
**(1985 batch)**

## မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ် (MLCA) အသင်းဝင် ကန်ထရိုက်တာကြီးများ သိရှိဆောင်ရွက်နိုင်ပါရန်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အသိအမှတ်ပြု ကန်ထရိုက်တာ လိုင်စင်များမှာ ၃၀-၉-၂၀၂၀ ရက်တွင် သက်တမ်းကုန်ဆုံးပြီဖြစ်သဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် နှစ်စဉ်ကြေးပေးသွင်း၍ သက်တမ်းတိုးခြင်းအား ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလနှင့်နိုဝင်ဘာလများတွင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အဆိုပါ ကန်ထရိုက်တာ လိုင်စင်သက်တမ်းတိုးခြင်းအား ကော်မတီသို့လာရောက် ဆောင်ရွက် ရန်မလို (မလို)ဘဲ နီးစပ်ရာ ရောဝတီဘဏ်၊ မြို့တော်ဘဏ်တို့တွင် နှစ်စဉ်ကြေးပေးသွင်း ဆောင်ရွက်နိုင်ကြောင်းနှင့် နှစ်စဉ်ကြေးပေးသွင်း၍ လိုင်စင်သက်တမ်းတိုးဆောင်ရွက် ခြင်းကို အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း YCDC အဆောက်အအုံဆိုင်ရာ လုပ်ငန်းတာဝန်ခံအဖွဲ့မှ အကြောင်းကြားလာပါသဖြင့် အသင်းဝင် ကန်ထရိုက်တာများ သိရှိနိုင်ပါရန်နှင့် ကန်ထရိုက်တာလိုင်စင်သက်တမ်းမတိုးရသေး ပါက အချိန်မီသက်တမ်းတိုးနိုင်ရေးဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အကြောင်း ကြားပါသည်-

(က) ဒေါ်နန္ဒာမျိုးခိုင် - 09-5053883
(ခ) ဒေါ်သီတာသိမ့် - 09-5176208

**မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ်(MLCA)**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၄)၊ ချယ်ရီ(၄)လမ်း၊ မြေကွက်အမှတ်(၆၉/ခ)၊ အကျယ်အဝန်း (၂၀ပေ× ၆၀ပေ)ရှိ ဦးမျိုးထွဋ် (MYA-၀၃၃၉၅၂) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နီလာ (၁၂/ဒဂတ(နိုင်)၀၀၄၆၄၂) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးသန့်ဇင် (၁၂/သဃက(နိုင်)၁၆၀၆၇၂)က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်း လာရောက် ကန့်ကွက်နိုင် ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| ဦးခင်မောင်ဦး | ဦးထိန်လင်းသန်း |
|---|---|
| LL.B, D.B.L, D.I.L, | LL.B,D.B.L,D.I.L, D.M.L, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂) |

**Hein Htet San Law Firm** ဖုန်း-၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်အရှုလာရီ
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊သန်လျင်တံတား အိမ်ရာဝင်းနေ ဦးစီအိုင်ဟင်နရီ ဆောက်လုပ်ရေးဝန်ထမ်း (ငြိမ်း)၏ဇနီး၊ ဒေါ်ဂျေရာမေရီ (ဌာနခွဲစာရေး) တံတားအထူးအဖွဲ့(၅)ဆိပ်ဖြူမြို့၏မိခင်သည် ၉-၁၁-၂၀၂၀ရက်မွန်းလွဲ ၂:၂၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဝန်ထမ်းမိသားစု**
**တံတားအထူးအဖွဲ့(၅)ဆိပ်ဖြူမြို့**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ထွေးရီ
### အသက် (၆၉) နှစ်

ဗိုလ်ချုပ်အောင်သိန်း (ငြိမ်း)၏ဇနီးဖြစ်သူ ဒေါ်ထွေးရီသည် ၈-၁၁-၂၀၂၀ ရက်တွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ်(၁၅)မှ သူငယ်ချင်းများနှင့် ဇနီးမိသားစုများ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ငွေလုံးငွေရင်းအသုံးစရိတ်နှင့် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေတို့ဖြင့် ဝယ်ယူမည့် လမ်းတံတား လုပ်ငန်းသုံးပစ္စည်းများ (ကတ္တရာ၊ ပလတ်စတစ်ရေဆေး၊ သာမိုပလတ်စတစ်ဆေး၊ ဆိုဒီယမ်မီးလုံး၊ လမ်းမီးနှင့် မီးပွိုင့်ဆက်စပ်ပစ္စည်း)နှင့် စက်ယန္တရား (Breaker, Mini Excavator ဆက်စပ်ပစ္စည်း)များအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - | ၁၂-၁၁-၂၀၂၀ ရက် |
| **တင်ဒါပုံစံပိတ်မည့်ရက်** | - | ၁၁-၁၂-၂၀၂၀ ရက် (၁၆:၀၀)နာရီ |
| **တင်ဒါပေးသွင်းရမည့်နေရာ** | - | အင်ဂျင်နီယာဌာန (လမ်း/တံတား) နေပြည်တော်စည်ပင်သာယာရေး ကော်မတီ |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်သိရှိလိုသည့် အချက်အလက်များအား ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်။

အင်ဂျင်နီယာဌာန(လမ်း/တံတား)၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း-၀၆၇-၄၃၂၀၃၇၊ ၀၉-၆၉၅၀၁၆၀၄၁

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်မှ မြေဧရိယာ ၀ ဒသမ ၀၆၁ ဧကရှိ မြေကွက်အမှတ်(ပ-၃၀၇၇၆) ဒေါ်မီမီလွင် ၅/မရန(နိုင်)၀၀၁၈၃၆ (ဘ)ဦးအောင်လွင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်နွေမာစိုး ၁၁/ဘသတ(နိုင်)၀၂၁၉၂၄ (ဘ)ဦးမောင်ကျော်နိုင်မှ နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၄၁၃/၂၀၁၉)တင်ပြ၍ ဒေါ်ဂီသား ၂/လကန(ဧည့်)၀၀၀၂၉၀ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အစုရှယ်ယာ လျှော့ချမည်ဖြစ်ကြောင်း ကြေညာခြင်း

ကျွန်မတို့၏ THAN LWIN ARCHIVE Co.,Ltd. (Registration No.12283 0071)သည် ကုမ္ပဏီ၏ဒါရိုက်တာ အစည်းအဝေး ဆုံးဖြတ်ချက်အရ လက်ရှိ အစုရှယ်ယာအရေအတွက် (၅၀၀၀) တန်ဖိုးကျပ်သိန်း (၅၀၀၀)မှ အစုရှယ်ယာအရေအတွက် (၄၀) တန်ဖိုးကျပ်သိန်း(၄၀)သို့ အစုရှယ်ယာ လျှော့ချမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**THAN LWIN ARCHIVE Co.,Ltd.**
ဖုန်း-၀၉-၇၉၁၅၈၀၁၁၇

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပ ရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၀၅၅ ဧကရှိ မြေကွက်အမှတ် (ပ-၄၁၆၆)သည် ဦးအောင်မင်းဌေး ၉/ပမန(နိုင်)၂၀၅၀၃၀ (ဘ)ဦးအောင်မြင့် အမည်ဖြင့် ချထားပေးသောပါမစ်မြေကွက်ဖြစ်ပြီး မြေကွက်အမှတ် (ပ-၄၁၆၆)၏ မြေပေးမိန့်အား ထုတ်ယူခွင့်ပြုပါရန် ဦးအောင်ဝင်းစိန် ၉/ပမန(နိုင်)၀၆၂၅၄၃ (ဘ) ဦးမြမောင်မှ ကိုယ်တိုင်ကတိပြုဝန်ခံချက်မူရင်း၊ မြေပေးစလစ်မူရင်း၊ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်မူရင်း၊ တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက် မူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲ မှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်း များနှင့်အညီ မြေပေးမိန့်ထုတ်ယူခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ ဥမ္မာမိုးမြင့်
အသက် (၆၃)နှစ်

ဦးမိုးမြင့် (CEO, MPRL E & P Group of Companies) ၏ချစ်လှစွာသောဇနီး ဒေါက်တာ ဥမ္မာမိုးမြင့်သည် ၉-၁၁-၂၀၂၀ရက်(တနင်္လာနေ့)တွင် ကန်သာယာဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မိသားစု

## ဗိုလ်မှူးတင်လေး(လေ)-ငြိမ်း
## လေယာဉ်မှူးကြီး(ငြိမ်း) မြန်မာ့လေကြောင်း
## အသက် (၈၅)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် (၆)ရပ်ကွက်၊ တိုက်အမှတ် (၂၆)၊ အခန်းအမှတ် (၈)နေ (ဦးထွန်းညွန့်-ဒေါ်စိုးမျှင်) တို့၏သား၊ (ဒေါ်ကြူကြူ)၏ခင်ပွန်း၊ (ဗိုလ်မှူးစန်းမြင့်)-ဒေါ်စိန်စိန်တို့၏ညီ၊ (ဦးအေး)-ဒေါ်အုန်းသိုက်တို့၏မောင်၊(ဒေါ်အေးအေးသန့်)၊ ဦးမောင်မောင်-ဒေါ်အေးအေးကျော့တို့၏အစ်ကို၊ ဦးဝင်းသိန်းနိုင်-ဒေါ်သူဇာတင်လေး၊ ဒေါက်တာနိုင်စိုး (CEO Mamelodi Regional Hospital, Pretoria, South Africa) - ဒေါ်စန္ဒာတင်လေး တို့၏မွေးသဖခင် ကျေးဇူးရှင်၊ ဦးကျော်ခိုင်-ဒေါ်ယမင်းသူဇာ၊ ဦးမင်းချစ်သူ-ဒေါ်သီရိတင်လေးနိုင်၊ မစန္ဒီတင်လေး နိုင်တို့၏အဘိုး၊ မမေပိုးအိမ်ကျော်ခိုင်၏ ဘိုးဘိုးကြီးသည် ၁၁-၁၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးအေး
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီးရပ်ကွက်၊ အမှတ်(၃၀/၇၃)နေ (ဦးချစ်ထွန်း-ဒေါ်ငွေလှိုင်)တို့၏သမီး၊ ဦးမောင်ကို (အထွေထွေ မန်နေဂျာ-ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးကျော်ဟိန်း-ဒေါ်တင်မာထွန်း၊ ဦးတင်ထွဋ်ဦး- ဒေါ်ဥမ္မာဟိန်း၊ ဦးမျိုးဟိန်း-ဒေါ်အေးမြတ်နန္ဒာ၊ ဦးကျော်မင်းညို-ဒေါ်နီလာ ဟိန်းတို့၏ချစ်လှစွာသောမိခင်၊ မြေး ရှစ်ယောက်တို့၏ အဘွားသည် ၁၁- ၁၁-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၃:၅၀နာရီတွင် ၉၆ ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၁-၂၀၂၀ ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရွှေပြည်သာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအား ရည်စူး၍ ၁၇-၁၁-၂၀၂၀ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**သစ်တောမှန်လျှင်**

**အသုံးဝင်၊**

**အစဉ်ထာဝရ**

**ထိန်းသိမ်းကြ**

## ဦးရှိန်မြင့်
ဒုတိယအမှုဆောင် ညွှန်ကြားရေးမှူး(ငြိမ်း) MRCS
ဂုဏ်ထူးဆောင် ဦးစီးမှူး(ပထမတန်း)ရန်ကုန်တိုင်းဒေသကြီး
ဥက္ကဋ္ဌ လူမှုကရုဏာအဖွဲ့ (အင်းစိန်)
မြန်မာနိုင်ငံကြက်ခြေနီအသင်း ရာသက်ပန်အသင်းဝင်
အသက် (၆၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်နေ (ဦးသာလှ-ဒေါ်ဟန်)တို့၏သား၊ (ဦးအုန်းကျော်-ဒေါ်လှသန်း)တို့၏သားသမက်၊ (ဦးခင်မောင်-ဒေါ်ချို)၊ (ဦးထွန်းဦး)-ဒေါ်မြကြည်၊ ဦးမြင့်ရှိန်-ဒေါ်သန်းသန်းမြင့်၊ (ဦးမြင့်သိန်း)-ဒေါ်စိန်လှ၊ (ဆရာလေးဒေါ်ဉာဏသိင်္ဂီ)တို့၏ ညီ/မောင်၊ ရွှေပြည်သာမြို့နယ်၊ ဘုံရှည်ကုန်းရပ်ကွက်၊ ရွာချင်းဆက်လမ်း၊ အမှတ် (၁၈/က)နေ ကိုအောင်ဇော်မင်း-မခိုင်ခိုင် ရှိန်၊ ကိုဝေတိုး-မချောစုထွန်းတို့၏ဖခင်၊ ဒေါ်ခင်သန်းအေး (MPE-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်းသည် ၁၁-၁၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆:၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၁-၂၀၂၀ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၁-၂၀၂၀ ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမြ
(Ship Design and Construction Engineer)
ဒေါပုံသင်္ဘောကျင်း(ငြိမ်း)
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ယမုံနာ (၂)ရပ်ကွက်၊ စံပြ ၂လမ်း၊ အမှတ် ၁၆၈နေ (ဦးလှဖေ-ဒေါ်သိန်း)တို့၏သား၊ (ဦးဘချစ်-ဒေါ်လှ ရင်)တို့၏သားသမက်၊ (ဒေါ်ရီ)၏ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်သန်း(မြကံသာသင်္ဘောကျင်း)-ဒေါ်မြမြရီ(လက်ထောက်ညွှန်ကြားရေးမှူး၊ ရေကြောင်းဦးစီးဌာန)၊ ဦးမိုးရဲဇော်(အကောက်ခွန်ဦးစီးဌာန၊ ငြိမ်း)-ဒေါ်ခင်စန်းရီ၊ ဒေါ်ခင်မျိုးရီ(SAE-စစ်ဆေးရေးဌာန၊ Y.C.D.C)တို့၏ချစ်လှစွာသောဖခင်၊ မောင်ဇေယျာနောင်(Production Engineer)-မနှင်းအေးဝေ၊ မောင်ဇေယျာနိုင်( 2nd year Botang E.Y.U)၊ မရွှေယမင်းဦး(2nd year Law E.Y.U)၊ မောင်ဥက္ကာကျော်(အထက- ၂၊ ဗိုလ်တထောင်)တို့၏ အဘိုး၊ မောင်မြင့်မြတ်ပိုင်၏ဘိုးဘိုးကြီးသည် ၁၁-၁၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄:၃၇နာရီတွင် ၉၇ ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဒေါ်ကေးရာ
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ သင်းအုပ်ဆရာကြီး စောဘဲလ်လေ-နော်ဒါဝါးတို့၏သမီး၊ ဦးအက်ဝပ်ဒင်-ဒေါ်သိန်း ညွန့်တို့၏သမီးချွေးမ၊ (ဦးစံဒင်)၏ဇနီး၊ ဒေါ်မီမီဒင်-ဦးဉာဏ်မင်းဒင်၊ စောနစ်ကီဒင်-ဒေါ်သီတာ(စစ်ဒနီ၊ ဩစတြေးလျ)၊ စောစီဒင်-ဒေါ်မာလာ၊ဒေါ်မီ နီဒင်-စောဒါးဝီလေး၊ ဒေါ်ချိုလေးမာဒင်- ဦးရဲမြတ်ကျော်၊ အိမ့်မီမင်းဒင်(British Council)၊ ဆက်တည်မင်းဒင်၊ Sarah Anne Din ၊ ဆုမွန်ဒင် ၊ ပြည့်ဖြိုးဒင်၊ နော်ဝတ်ရည်လေး (Rice Communications )၊စောဗညားလေး၊ အေးမင်းမြတ်ဒင်၊ ရဲမင်းမြတ်ဒင် တို့၏အဘွားသည် ၉-၁၁-၂၀၂၀ရက်(တနင်္လာနေ့) နံနက် ၁၂:၁၆ နာရီတွင် နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေး ခရစ်ယာန် ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စန်းကြည်(ကမာရွတ်)
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အောင်မြေသာစည်အိမ်ရာ၊ တိုက် ၄၊ အခန်း ၀၀၂ နေ(ဦးခင်မောင်-ဒေါ်ထွေး)တို့၏သမီး၊ (ဦးထွန်းအောင်)၏ဇနီး၊ (ဦးသန်းဝင်း)-ဒေါ်စီစီအောင်၊ ဦးမျိုးအောင်(Super Power Co.,Ltd )-ဒေါ်ကေသီဝင်း၊ ဦးဝင်းအောင်-ဒေါ်မျိုးမျိုးခိုင်၊ ဦးကျော်ကျော်အောင် (Triangle Links Co.,Ltd)-ဒေါ်သင်းသင်းစိုး၊ ဒေါ်နွယ်နွယ်အောင်(ဆသရ-ပုသိမ်)၊ ဦးဝင်းထွဋ်အောင်-ဒေါ်နီနီအောင်တို့၏မိခင်၊ မြေး ရှစ်ယောက်တို့၏အဘွားသည် ၁၁-၁၁-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၂:၄၅နာရီတွင် ၉၆ ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၁-၂၀၂၀ရက်(အင်္ဂါနေ့)နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယိကာမကြီး
## ဒေါ်ကြည်(ခ)ဒေါ်ကွန်ကြည်
အသက် (၇၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မာန်ပြေ ၁၇လမ်းအနောက်၊ အမှတ် (၆)နေ [ဦးကြီးမြင့်(ခ)ဦးမြင့်သိန်း]၏ဇနီး၊ ဦးစံရင်-ဒေါ်ခင်ခင်လှ၊ ဦးဝင်းသိန်း-ဒေါ်ခင်အေးဆင့်၊ ဦးကျော်-ဒေါ်စန်းစန်းမြင့်၊ ဦးကျော်ထွေး(အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)-ဒေါ်ဇွန်စန်းပွင့်၊ ဒေါ်ကြည်ကြည်ဝင်း၊ CE ဦးဝင်းထိန်-ဒေါက်တာ ခိုင်ငြိမ်းအေးတို့၏မိခင်၊ မြေး ခုနစ်ယောက်တို့ ၏အဘွားသည် ၁၀-၁၁-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၀၀:၃၀နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၁-၂၀၂၀ ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဦးဘလွင်(ခ)Ivan
အသက် (၇၆)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် (၂၆၅)၊ (၃)လွှာနေ (ဦးအေးအေးဘရာဟင် - ဒေါ်မေဘယ်လ်)တို့၏သား၊ (ဒေါ်ခင်ဝင်းမြင့်) ၏ချစ်လှစွာသောခင်ပွန်း၊ ဦးမြင့်သန်းဌေး-ဒေါ်နီနီဝင်း၊ ဦးမျိုးလွင်၊ ဦးနိုင်လွင်-ဒေါ်သန္တာဦး၊ ဦးဇော်လတ်ထွန်း-ဒေါ်မေစုလွင်တို့၏ ဖခင်၊ မြေး လေးယောက်တို့၏အဘိုးသည် ၁၁-၁၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂:၀၅နာရီတွင် ခရစ် တော်၌ အိပ်ပျော်သွားပါသဖြင့် ယင်းနေ့တွင်ပင် ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း
## ဟာဂျီ ဒေါ်ခင်မမ(ခ)ဇိုလိုင်ခါဘီဘီ
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ နှင်းဆီလမ်းနေ HJ ဦးကိုလေး(BE-Mech )၏ဇနီး၊ မေလင်းကို၊ မေနှင်းကိုတို့၏မိခင်၊ မိတ္ထီလာမြို့၊ ရွှေယင်းရိပ်သာနေ (ဦးဘဒင်- HJ ဒေါ်လှခင်) တို့၏သမီး၊ HJ ဦးတင်ငွေ-ဒေါ်ဌေးဌေးသန်း တို့၏ညီမ၊ HJ ဒေါ်ဝင်းမမ၊ ( HJ ဒေါ်ဝင်းပပ၊ ဒေါ်နီနီအေး)တို့၏အစ်မ၊ ရာဇာကိုကို၊ သီဟကိုကို တို့၏ အဒေါ်သည် ၁၁-၁၁-၂၀၂၀ ရက် နံနက် ၅ နာရီတွင် အလ္လာဟ်အရှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ နံနက် ၁၁ နာရီတွင် ဒါဖနာပြီးစီး ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
## သုခမ္မမဏိဇောတဓရ ဦးသက်ဆွေ
အသက်(၆၁)နှစ်

ရန်ကုန်မြို့နေ ဒေါ်ယမင်းကိုကို၏ ချစ်လှစွာသော ခင်ပွန်း သုခမ္မမဏိဇောတဓရ ဦးသက်ဆွေသည် ၇-၁၁-၂၀၂၀ရက်တွင် ပင်လုံအထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဝန်ကြီးချုပ် ဦးသိန်းအောင်(ငြိမ်း)ဇနီး ဒေါ်ခင်ဌေးမြင့်
မိသားစု

ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာဥမ္မာမိုးမြင့်
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ် ၈၂ နေ ဦးမိုးမြင့် (MPRL E & P Group of Companies)၏ချစ်လှစွာသောဇနီး ဒေါက်တာဥမ္မာမိုးမြင့်သည် ၉-၁၁-၂၀၂၀ရက်တွင် ကန်သာယာဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဝန်ကြီးချုပ်ဦးသိန်းအောင်(ငြိမ်း)ဇနီး ဒေါ်ခင်ဌေးမြင့်
မိသားစု

## ဒေါ်စိန်စိန်ဝင်း
စက်မှုလယ်ယာဦးစီးဌာန(ငြိမ်း)
အသက် (၈၄)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ဈေးကြီးလမ်းအမှတ် (၃၈)နေ (ဦးစံညွန့်-ဒေါ်သန်းမြ) တို့၏သမီးထွေး၊ [ဦးစောမောင် (ခရိုင်တရားသူကြီး၊ ငြိမ်း)-ဒေါ်ခင်ခင်မြ] တို့၏သမီးချွေးမ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ စက်မှုလယ်ယာလမ်း၊ အမှတ် ၄၅/၁၁၀၄ နေ ဦးဘချို (ရုံးအဖွဲ့မှူး၊ ငြိမ်း)၊ သစ်တောရေးရာဝန်ကြီးဌာန)၏ဇနီး၊ ကြည့်မြင်တိုင် မြို့နယ်နေ ဒေါ်မြင့်စိန်၊ (ဒေါ်သန်းရွှေ)တို့၏ ညီမ၊ ဦးဝင်းမြင့် (ခရိုင်အုပ်ချုပ်ရေးမှူး၊ ငြိမ်း)၊ ဦးအောင်မြင့်(ခ)ရွှေတိုင်ဦးမြတ်ကို (သတင်းစာဆရာ၊ စာရေးဆရာ UPF-ရုပ်ရှင်စာပေ)တို့၏အစ်မ၊ ဦးမျိုးသန့်(စစစ-ငြိမ်း)-ဒေါ်အေးမော်သန့်၊ ဒေါ်မြင့်မြင့်ချို(မြန်မာ့သစ်လုပ်ငန်း)-ဦးကြည်ထွန်းအောင်၊ ဒေါ်သူဇာညို(သစ်တောဦးစီးဌာန)-ဦးရန်မျိုးအောင်တို့၏မိခင်၊ မြေး လေးယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီး သည် ၁၀-၁၁-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပြီဖြစ်ပါကြောင်း အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဘလွင်(ခ) Ivan
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် ၂၆၅(သုံးလွှာ)နေ ဦးဘလွင်(ခ) Ivan သည် ၁၁-၁၁-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၂:၀၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

အောင်တေဇမျိုး ကုမ္ပဏီ မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ ဥမ္မာမိုးမြင့်
အသက် (၆၃)နှစ်

ဦးမိုးမြင့် (MPRL E & P Group of Companies) ၏ချစ်လှစွာသောဇနီး ဒေါက်တာ ဥမ္မာမိုးမြင့်သည် ၉-၁၁-၂၀၂၀ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

ဒါရိုက်တာအဖွဲ့
Guiding Star Group of Companies
Asia Guiding Star Services Co.,Ltd.

သင့်သွေးဖြင့် အသက်ကယ်ပါ

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၂၃ / ၂၀၂၀ )
၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၁ ရက်)

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး နှင့် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၄၉ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ ဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ |
|---|---|---|---|
| **ကချင်ပြည်နယ်** | | | |
| (၁) ဦးလမာနော်အောင် | ၁/အဂယ(နိုင်)၀၀၀၃၃၈ | အင်ဂျန်းယန် | ကချင်ပြည်နယ်ပြည်သူ့ပါတီ |
| (၂) ဒေါ်လရှန်ဘန်ထွယ် | ၁/ဆပဘ(နိုင်)၀၀၀၁၃၈ | ဆွမ်ပရာဘွမ် | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃) ဦးကွမ်ဆန်း | ၁/မစန(နိုင်)၀၁၂၄၂၅ | မံစီ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီ |
| **ကယားပြည်နယ်** | | | |
| (၄) ဦးစိုးသိန်း | ၁၂/ရကန(နိုင်)၀၂၅၄၇၄ | ဘောလခဲ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီ |
| (၅) ဦးဒီးဒီ | ၁၃/ဖခန(နိုင်)၀၂၃၉၂၈ | ဖရူဆို | ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီ |
| (၆) ဒေါ်မိုးမြဲ | ၂/လကန(နိုင်)၀၉၁၇၂၅ | ရှားတော | ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီ |
| **ကရင်ပြည်နယ်** | | | |
| (၇) ဦးစိန်ဗိုလ် | ၃/မဝတ(နိုင်)၀၀၁၄၈၁ | မြဝတီ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **ချင်းပြည်နယ်** | | | |
| (၈) ဦးညွန့်ဝင်း | ၄/ကပလ(နိုင်)၀၀၈၁၅၈ | ကန်ပက်လက် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| (၉) ဦးစီဇာကျူး | ၄/ထတလ(နိုင်)၀၂၃၀၆၂ | ထန်တလန် | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | |
| (၁၀) ဦးစိုးစံသက်ထွန်း | ၅/မမတ(နိုင်)၀၄၉၇၃၇ | မြင်းမူ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ |

စာမျက်နှာ ၅ ကော်လံ ၁ ❐

# ဖောင်ကြီး ကိုဗစ်-၁၉ ကုသရေးစင်တာသို့ သွားရောက်ကူညီကြမည့် ဆရာဝန်အဖွဲ့ကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဂုဏ်ပြုအားပေး

**မန္တလေး နိုဝင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ဖောင်ကြီး ကိုဗစ်-၁၉ ကုသရေးစင်တာသို့ နိုဝင်ဘာ ၁၂ ရက်မှစတင်၍ သွားရောက်အားဖြည့်ကူညီကြမည့် အထက်မြန်မာပြည် ကိုယ်စားပြု အထူးကုဆရာဝန်၊ မေ့ဆေးဆရာဝန်နှင့် ဆေးဝါးတက္ကသိုလ်မှ ပညာရှင်အဖွဲ့ကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ယနေ့နံနက်ပိုင်းတွင် သွားရောက်တွေ့ဆုံ၍ ဂုဏ်ပြုအားပေးစကားပြောကြားသည်။

အဆိုပါ အဖွဲ့တွင် အထူးကုဆရာဝန် ၁၅ ဦး၊ မေ့ဆေးဆရာဝန် ရှစ်ဦးနှင့် ဆေးဝါးတက္ကသိုလ်မှပညာရှင် လေးဦး တို့ပါဝင်ကာ (**ယာပုံ**) ဂုဏ်ပြုပွဲအခမ်းအနားသို့ ဆေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆေးရုံအသီးသီးမှ ဆေးရုံအုပ်ကြီးများ တက်ရောက်ကြသည်။

"ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနဲ့ တုံ့ပြန်ရေးလုပ်ငန်းတွေကို အမျိုးသားရေး တာဝန်တစ်ရပ်အနေနဲ့ အားလုံးဝိုင်းဝန်းပူးပေါင်း ထမ်းဆောင်နေကြတာပါ။ တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ဖြစ်ပွားမှုနှုန်းမြင့်နေတယ်။ မန္တလေးတိုင်းဒေသကြီးမှာလည်း အဖြစ်များလာတယ်။ ကိုဗစ်-၁၉ ရောဂါနဲ့ပတ်သက်ပြီး ထုတ်ပြန်ထားတဲ့ စည်းကမ်းချက်တွေနဲ့ လိုက်နာကျင့်သုံးနေထိုင်တဲ့ လူတွေအပေါ်မှာလည်း မူတည်ပါတယ်။ ဒါတွေအားနည်းတဲ့အတွက် ဒုတိယ အကျော့က ပြင်းပြင်းထန်ထန် ဖြစ်လာပါတယ်။ ရွေးကောက်ပွဲပြီးသွားပေမယ့် ပြည်သူတွေကလည်း လမ်းပေါ်မှာ လူစုလူဝေးနဲ့ သွားလာနေတာတွေကို မလုပ်ကြဖို့ မေတ္တာရပ်ခံထားပါတယ်။

စာမျက်နှာ ၂၀ ကော်လံ ၁ ❖




## ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အမေး၊ အဖြေအစီအစဉ် ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၁၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ပူးပေါင်းပြီး ကိုဗစ်-၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကို စက်တင်ဘာ ၂၉ ရက်မှ စ၍ အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် ကြာသပတေး နေ့များတွင် ညနေ ၆ နာရီခွဲ မှ ည ၇ နာရီအထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

နိုဝင်ဘာ ၁၂ ရက် ညနေတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုး အကြံပြုအားဖြည့်ဆောင်ရွက်နိုင်ရေးအဖွဲ့ဝင် ကျန်းမာရေးပညာရှင်ကြီးများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူ ကျန်းမာရေးပညာရှင်များဖြစ်သည့် နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုး အားဖြည့်ဆောင်ရွက်ရေး အဖွဲ့ဝင်၊ ဆေးပညာဌာန(အငြိမ်းစား)၊ ဂုဏ်ထူးဆောင် ပါမောက္ခ ဒေါက်တာညွန့်သိန်း၊ ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (ဒုတိယဥက္ကဋ္ဌ) ဒုတိယ ညွှန်ကြားရေးမှူးချုပ် (ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး) ဒေါက်တာထွန်းမြင့်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲ) ဒေါက်တာထွန်းတင်တို့က ပြည်သူများ သိရှိမေးမြန်းလိုသည့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်းသည့် မေးခွန်းများအပေါ် ပြန်လည်ဖြေကြားချက်များကို ဆက်လက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ယနေ့ မာ တိ ကာ

ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲကို MRTV မှ အပတ်စဉ် သောကြာနေ့ညတိုင်း ပြသမည် စာ ၃

လွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူထားကြောင်း အသိပေးကြေညာခြင်း စာ ၁၄